
# Who Was George Washington?

အမေရိကန်ပြည်ထောင်စုရဲ့ ပထမဦးဆုံးသမ္မတ ကျော်ကြားပုံအကြောင်း



ထွန့်ဝင်းထွန့်

by Roberta Edwards

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဒေါ်စန္ဒာမာလာ
(စိန်မိုးယံစာအုပ်တိုက်-၀၀၈၇၉)
အမှတ်(၁၅)၊ အောင်တော်မူလမ်း၊
မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊
ရန်ကုန်မြို့။

ပုံနှိပ်သူ - ဦးမျိုးမြင့်
(ပွင့်သစ်ပုံနှိပ်တိုက်-၀၀၃၅၆)
အမှတ်(၃၇)၊ ၁၆၅လမ်း၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။

စာအုပ်ချုပ် - ကိုမျိုးကြီး

မလင် - အီးဂဲလ်

အုပ်ရေ - ၁၀၀၀

ထုတ်ဝေခြင်း - ပထမအကြိမ်၊
၂၀၁၈-ခုနှစ်၊ ဇူလိုင်လ။

ရောင်းဈေး - ၁၀၀၀

အမေရိကန်ပြည်ထောင်စု၏
ပထမဦးဆုံးသမ္မတ ဂျော့ဝါရှင်တန်

# Who Was George Washington?

By Roberta Edwards

**ထွန်းဝင်းထွန်း**

အရပၢ် ဗဟိ-အနူ-ဇယ် သုဂတၢ်

အမိတၢ် ဝိရၢ် လလီတၢ် အတုလ်

ဓရၢ် တိ-ဘၠပ-သမံ ယမၢ်

သုခၣ် သရၢ် ပနၢမၢမိ ဝိနံ

## မာတိကာ


၁။ ကျော့ဝါရှင်တန်ဆိုတာ ဘယ်သူလဲ ၃

၂။ အခန်း (၁) တကျိုးနီးယားမှ လူငယ်လေးတစ်ဦး ၁၃

၃။ အခန်း (၂) ဖျော့ချစ်မြတ်နိုးတဲ့ မောင့်တာနွန် ၂၁

၄။ အခန်း (၃) ပျိုမျစ်နုနယ်စစ်သားငယ်လေး ၂၉

၅။ အခန်း (၄) ကျေးလက်ဒေသမှာ နေရတဲ့ဘဝ ၃၇

၆။ အခန်း (၅) ခွဲထွက်ကြပြီ ၄၉

၇။ အခန်း (၆) ဩဇာရှိသော
ဗိုလ်ချုပ်ကြီးဖြစ်လာသည့် ဝါရှင်တန် ၆၁

၈။ အခန်း (၇) အခက်အခဲပေါင်းစုံကြုံတွေ့ရသည့်ကာလ ၇၁

၉။ အခန်း (၈) အောင်ပွဲခံနိုင်ကြပြီ ၇၉

၁၀။ အခန်း (၉) အသစ်စက်စက်ပေါ်ပေါက်လာသည့်
နိုင်ငံတစ်နိုင်ငံ ၈၇

၁၁။ ကျော့ဝါရှင်တန်၏ ဘဝမှတ်တိုင်နေ့စွဲများ ၁၀၃

## ဂျော့ဝါရှင်တန်ဆိုတာ ဘယ်သူလဲ

(၁၇၈၃)ခုနှစ်။

(၇)နှစ်ကြာတိုက်ပွဲများဖြစ်ပွားပြီးနောက် စစ်ပွဲသည် နောက်ဆုံးတွင် ပြီးသွားခဲ့လေသည်။ အမေရိကန်စစ်သည်များက အင်အားကြီးမားသော ဗြိတိသျှစစ်တပ်ကို အနိုင်ယူခဲ့ကြသည်။ ကိုလိုနီနယ် (၁၃)ခုသည် ယခုဆိုလျှင် လွတ်လပ်လာခဲ့ချေပြီ။



ဗြိတိသျှစစ်သည်များ အပြည့်တင်ဆောင်ထားသော သင်္ဘောများသည် အင်္ဂလန်သို့ ပြန်လည်ခုတ်မောင်းခဲ့ကြသည်။ ထိုအချိန်ကစပြီး အမေရိကရှိ မည်သူကမျှ ဂျော့ဘုရင်ကို နာခံရန် မလိုတော့ချေ။ စုစည်းညီညွတ်သော ပြည်နယ် (၁၃)ခုပါဝင်သည့် နိုင်ငံအသစ်တစ်ရပ် ပေါ်ထွက်လာပေတော့မည်။

(၁၇၈၉)ခုနှစ်တွင် ပထမဦးဆုံးသမ္မတရွေးချယ်ရမည့်အချိန် ရောက်လာသောအခါ နံပါတ်တစ် ရွေးချယ်ခံရမည့်သူမှာ မည်သူ ဖြစ်သနည်း။ ဂျော့ဝါရှင်တန်သာလျှင် ဖြစ်ပါသည်။

ဗြိတိသျှတို့နှင့် တိုက်ပွဲကာလတစ်လျှောက်လုံးတွင် ဂျော့ဝါရှင်တန်သည် ထိပ်တန်းဦးစီးဗိုလ်ချုပ်ကြီးတစ်ဦး ဖြစ်ခဲ့သည်။ ဂျော့ဝါရှင်တန်သည် စစ်သားများကို အမိန့်ပေး၍ စစ်သည်များ တိုက်ပွဲဝင်နေကြသည်ကို စောင့်ကြည့်နေသော ဗိုလ်ချုပ်ကြီးမျိုး မဟုတ်ချေ။ သူကိုယ်တိုင်ကိုယ်ကျ တိုက်ပွဲတွင် ပါဝင်ခဲ့သူဖြစ်သည်။ သို့တစေ ဝါရှင်တန်သည် တစ်ကြိမ်တစ်ခါမျှ ဒဏ်ရာရခဲ့ဖူးခြင်း မရှိခဲ့ချေ။ သူသည် ရဲရင့်သတ္တိရှိသည့်အပြင် ခေါင်းဆောင်တစ်ဦးရှိအပ်သော အရည်အချင်းများဖြစ်သည့် သွက်လက်ဖျတ်လတ်မှု၊ သစ္စာရှိမှု၊ ရိုးသားမှုနှင့် မျှတမှုများလည်း ရှိခဲ့သည်။ ဂျော့ဝါရှင်တန်မပါဘဲ စစ်ပွဲကို အနိုင်တိုက်ခိုက်နိုင်လိမ့်မည်ဟု လူအတော်များများက မထင်ကြချေ။

ထို့ကြောင့် ပထမဦးဆုံးအကြိမ် သမ္မတရွေးကောက်ပွဲပြုလုပ်ရာတွင် သူအနိုင်ရခဲ့ခြင်းသည် အံ့ဩစရာမရှိခဲ့ချေ။ သို့သော်လည်း

သမ္မတအဖြစ် ရွေးချယ်ခံရကြောင်းသတင်းကို သူကြားသိရချိန်တွင် မပျော်ခဲ့ချေ။ တကယ့်ကို မပျော်ခဲ့ပါချေ။ သူသည် သူ၏လှပသော အိမ်လေးရှိသည့် ဗာဂျီးနီးယားပြည်နယ်၊ မောင့်ဗာနွန်သို့သာ ပြန်သွားလိုစိတ်ရှိခဲ့သည်။ သူသည် အသက် (၅၇)နှစ်ရှိပေပြီ။ ကျန်ရှိသည့် သူ့ဘဝကို သူ့ဇနီးမာသာနှင့် သူ၏အငယ်ဆုံးကလေးနှစ်ယောက်နှင့်အတူ အေးချမ်းစွာ နေထိုင်သွားရန် မျှော်လင့်ခဲ့သည်။



THE MOUNT VERNON HOUSE

ပထမဦးဆုံးသောသမ္မတအဖြစ် သူ့ကိုများစွာ မျှော်လင့်ထားကြသည်။ သမ္မတတစ်ဦး၏အဆင့်ကို မိုပါမည်လောဟု ဂျော့ဝါရှင်တန်က စိုးရိမ်ပူပန်ခဲ့မှုသည်လည်း ကျွန်ုပ်တို့အတွက် ထူးခြားဆန်းပြားသလို ဖြစ်နေသည်။



သမ္မတအလုပ်ဆိုသည်ကလည်း သူသဘောကျနှစ်သက်သည့် အလုပ် လုံးဝမဟုတ်ချေ။ အကယ်၍ ဂျော့ဝါရှင်တန်သာ သမ္မတဖြစ်ခဲ့လျှင် အစိုးရသစ်ကို သူတို့ထောက်ခံကြမည်ဖြစ်ကြောင်း လူအများက ပြောခဲ့ကြသည်။ အစိုးရသစ်တစ်ရပ်အနေဖြင့် အလုပ်လုပ်ရန်သာ သူက ပိုပြီးလိုလားခဲ့သည်။



A PARTY IN TRENTON, NEW JERSEY

ထို့ကြောင့် သူက သမ္မတရာထူးကို လက်ခံလိုက်ပြီး သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုရမည့် နယူးယောက်သို့ ထွက်ခွာခဲ့သည်။ သူ၏ခရီးစဉ်တစ်လျှောက် ရပ်နားရာနေရာတိုင်းတွင် ပါတီပွဲများ၊ လှည့်လည်ပွဲများဖြင့် ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။ ဒါမျိုးတွေကို ဂျော့က မလိုလားခဲ့ချေ။

ယနေ့ခေတ် နိုင်ငံရေးသမားများသည် သမ္မတအရွေးချယ်ခံရရေးအတွက် နှစ်ပေါင်းများစွာ စိမ်ချက်ချ အချိန်ယူခဲ့ကြသည်။ မဲဆွယ်ရန် ဒေါ်လာသန်းနှင့်ချီ၍ သုံးစွဲကြရသည်။ သို့တစေ 'နိုင်ငံ၏ဖခင်ကြီး' ဟု သိထားသော လူတစ်ယောက်ကမူ ရာဇဝတ်သားတရားစီရင်ခံရမည့် နေရာသို့ သွားနေသလိုပင် ခံစားခဲ့ရသည်။ သူ အလိုလားဆုံးအရာမှာ မွေးရပ်မြေသို့ပြန်ပြီး မြေခွေးအမဲလိုက်ရန်ပင်ဖြစ်သည်။



◆ ◆ ◆

## အခန်း-(၁)
## ဗာဂျီးနီးယားမှ လူငယ်လေးတစ်ဦး



ခရစ်နှစ် (၁၇၃၂)ခုနှစ်၊ ဖေဖော်ဝါရီလ (၂၂)ရက်နေ့၊ ညတွင် ဩဂတ်စတင်းဝါရှင်တန် (Augustine Washington) သည် ဖယောင်းတိုင်မီးထွန်းညှိထားသည့် စားပွဲတစ်လုံး၌ ထိုင်နေသည်။

သူ့ရှေ့တွင် မိသားစုသမ္မာကျမ်းစာအုပ်ကို ဖွင့်ထားသည်။ လူများက သူ့ကို ဂတ်စ် (Gus) ဟုခေါ်ကြသော ဩဂတ်စတင်းသည် ဗာဂျီးနီးယားကိုလိုနီနယ်တွင် ဆေးရွက်ကြီးစိုက်ပျိုးသည့် လယ်သမားတစ်ဦး ဖြစ်သည်။ ထိုနေ့နံနက်က မွေးလာသော သူ၏သားငယ်လေးကို ဂျော့ (|George)ဟု အမည်ပေးပြီး ကြက်ဆင်အမွေးတောင်နှင့် ပြုလုပ်ထားသည့် ကလောင်တံဖြင့် ချရေးခဲ့သည်။

ဂျော့၏မိခင်ဖြစ်သူ မေရီသည် ဂတ်စ်၏ ဒုတိယဇနီးဖြစ်သည်။ သူ၏ပထမဇနီးကွယ်လွန်သွားခဲ့ပြီး ဆယ်ကျော်သက်သားနှစ်ယောက် ကျန်ရစ်ခဲ့သည်။ ဂျော့ကို မမွေးဖွားမီ ညတစ်ညတွင် ဝါရှင်တန်မိသားစု၏ လယ်တောအိမ်ရှိ မီးခိုးခေါင်းတိုင်ကို မိုးကြိုးပစ်ချခဲ့သည်။ ဂျော့၏မိခင် မေရီထံသို့ လာရောက်လည်ပတ်နေသော အမျိုးသမီးတစ်ဦး သေဆုံးခဲ့ရသည်။ မိုးကြိုးပစ်ခြင်းသည် ကံဆိုးခြင်းလက္ခဏာလောဟု မေရီက တွေးဆပူပင်ခဲ့သည်။ မွေးလာမည့်ကလေးအတွက် တစ်ခုခုဖြစ်မည့်သဘော ဖြစ်နေသည်။ သို့သော်လည်း ဂျော့သည် ကျန်းမာသန်စွမ်းသော ကလေးတစ်ဦး ဖြစ်ခဲ့သည်။ မိခင်နှင့်တူသည်ဟု လူများက ပြောကြသည်။ သူသည် အရပ်ရှည်ပြီး အားကစားသမားလူငယ်တစ်ဦးအဖြစ် ကြီးပြင်းလာပြီး စိမ်းလန်းသော ကျေးလက်မြက်ခင်းများပေါ်တွင် မြင်းစီးသွားရသည်ကို နှစ်သက်ခဲ့သည်။ နောက်ပိုင်းနှစ်များတွင် ဗာဂျီးနီးယား၌ သူသည် အတော်ဆုံးမြင်းစီးသမားအဖြစ် လူများသိလာကြသည်။





FERRY FARM

ဂျော့အသက် ခုနစ်နှစ်အရွယ်ခန့်တွင် မိသားစုသည် ဖာရီ (Ferry) လယ်တောသို့ ပြောင်းရွှေ့ခဲ့ကြသည်။ ယင်းဒေသသည် ဗာဂျီးနီးယားပြည်နယ်၊ ဖရစ်ဒရစ်ဘာ့ဂ်မြို့ (Fredericksburg) မြစ်တစ်ဖက်ကမ်းတွင် ရှိသည်။ ထိုအချိန်တွင် ဂျော့၌ ညီမငယ် ဘက်တီ (Betty) နှင့် ဆင်မြူရယ် (Samuel)၊ ဂျွန် (John) နှင့် ချားစ် (Charles) ဆိုသော ညီငယ်သုံးယောက်တို့ ရှိနေပြီ ဖြစ်သည်။ ဂျော့နှင့် ဘက်တီတို့ကို ရုပ်ချင်းဆင်သည်ဟု လူအများက ပြောကြသည်။ ဘက်တီ ကြီးပြင်းလာသည့်အခါ သူ၏ထင်ပေါ်ကျော်ကြားသော အစ်ကိုဖြစ်သူ၏ ပုံစံကို လိုက်လုပ်၍ ရယ်စရာများ ပြုလုပ်ခဲ့သည်။

ဂျော့နှင့် သူ့ဖခင်တို့ မည်ကဲ့သို့ဆက်ဆံရေးရှိကြသည်ဆိုသည့် သတင်းအချက်အလက်များကို ကျွန်ုပ်တို့ မသိခဲ့ကြချေ။ သို့သော် သိထားသည့်အချက်မှာ ဂျော့သည် မိခင်ဖြစ်သူနှင့် နီးစပ်မှုမရှိကြောင်းတော့ သိရသည်။ မေရီဝါရှင်တန်သည် အေးတိအေးစက်နိုင်ပြီး ဩဇာပေးတတ်သော အမျိုးသမီးဖြစ်သည်။ ဂျော့၏ သူငယ်ချင်းအားလုံးကလည်း မေရီကို လန့်ကြသည်။ ထူးထူးခြားခြားဆိုသလိုပင် မေရီသည် သူမ၏အကြီးဆုံးသားအပေါ် ဘယ်တော့မှ ဂုဏ်ယူဝင့်ကြွားလေ့မရှိချေ။ သမ္မတကြီးဖြစ်လာသည့်တိုင် ဂုဏ်ယူဝင့်ကြွားခြင်းမရှိခဲ့ချေ။ ဂျော့က သူ့မိခင်ထံရေးသောစာများတွင် 'ချစ်လှစွာသောအမေ ခင်ဗျား' ဟု အစမချီဘဲ 'လေးစားရပါသော အမျိုးသမီးကြီး ခင်ဗျား''ဟုသာ အစချီလေ့ရှိသည်။ ထို့အပြင် ဂျော့သည် သူ၏ဇနီးဖြစ်သူ မာသာ (Martha) နှင့် မိခင်ဖြစ်သူကို ဘယ်တုန်းကမှ မိတ်ဆက်မပေးခဲ့ချေ။

လောကတွင် ဂျော့အချစ်ဆုံးလူတစ်ယောက်မှာ သူ့အစ်ကိုဖြစ်သူ လောရင့်စ် (Lawrence) ပင်ဖြစ်သည်။ လောရင့်စ်သည် ကြင်နာတတ်ပြီး သူ့ဖခင် ဂုတ်စ်၏ အကြီးဆုံးသားဖြစ်၍ ဂျော့ထက် (၁၄)နှစ်ကြီးကာ အဖေတူအမေကွဲညီအစ်ကို ဖြစ်သည်။ လောရင့်သည် အင်္ဂလန်တွင် ကျောင်းသွားတက်ခဲ့ပြီး ဂရိနှင့် လက်တင်ဘာသာစကားများ လေ့လာသင်ကြားခဲ့သည်။ သူသည် လူကြီးလူကောင်းတစ်ယောက်ကဲ့သို့ မည်သို့ဝတ်စားဆင်ယင်ရမည်၊ မြူမှုနေထိုင်ရမည်ကို

သိသည်။

ဂျော့ကို အင်္ဂလန်သို့ပို့၍ ပညာသင်ရန် ငွေမလုံလောက်ပေ။ သူ့ကို အိမ်မှာပင် ဖခင်နှင့် လောရင့်စ်တို့က စာသင်ပေးခဲ့သည်။ ဂျော့သည် သင်္ချာဘာသာရပ်တွင် တော်သူတစ်ဦး ဖြစ်သည်။ အရေအတွက် ကိန်းဂဏန်းများနှင့်ပတ်သက်လျှင် အလွယ်တကူတွက်ချက်နိုင်သည်။ သို့သော်လည်း သူသည် စာလုံးပေါင်းရာတွင် အလွန်ညံ့သည်။ ဤအချက်က သူ့ဘဝတစ်လျှောက်လုံး ကသိကအောက်ဖြစ်စေခဲ့သည်။






ဂျော့ (၁၁)နှစ်သားအရွယ်မှာပင် ဖခင်သေဆုံးခဲ့သည်။ ဂျော့ကို မောင့်ဗားနွန် (Mount Vernon) တွင် ရက်ရှည်လည်ပတ်ရန် မကြာခဏ ဖိတ်ခေါ်ခဲ့သည်။ မောင့်ဗားနွန်တွင် လောရင့်စ်နှင့် သူ့ဇနီးလောင်း အန်ဖဲရ်ဖက်စ်(Ann Fairfax) တို့နေထိုင်ကြပြီး ဂျော့က ထိုနေရာကို သဘောကျသည်။ (၁၇၄၆)ခုနှစ်တွင် ဂျော့ကို ထိုနေရာသို့ အပြီးပြောင်းလာရန် ဖိတ်ခေါ်ခဲ့ရာ သူက သွားရောက်နေထိုင်ခဲ့သည်။ (ဂျော့သည် မိခင်နှင့် ဝေးဝေးနေရ၍ ပျော်ပိုက်ပုံရသည်။)



◆ ◆ ◆

**ထင်ရှားသည့် အလိမ်အညာတစ်ခု**

သူ၏မိသားစုလယ်တောအိမ်ရှိ ချယ်ရီပင်တစ်ပင်ကို ဂျော့ဝါရှင်တန်ကလေးဘဝက ခုတ်လှဲပစ်လိုက်သည့်ပုံပြင်တစ်ပုဒ်ကို ကျောင်းသား လူငယ်မျိုးဆက်အဆက်ဆက်က သိထားခဲ့ကြသည်။ ဤကဲ့သို့ မိုက်မဲသည့်လုပ်ရပ် ဘယ်သူလုပ်လဲဟု ဖခင်ဖြစ်သူက မေးသောအခါ ဂျော့က ချက်ချင်းပင် ဝန်ခံခဲ့သည်။ 'ကျွန်တော် လိမ်မပြောနိုင်ဘူး အဖေ။ သစ်ပင်ကို ခုတ်လှဲပစ်ခဲ့တာ ကျွန်တော်ပဲ'ဟု ပြောခဲ့ သည်။ ဂျော့သည် ကလေးဘဝကပင် နိုးသားသူ တစ်ဦးဖြစ်ကြောင်း ဤပုံပြင်က ပြနေသည်။

သို့သော်လည်း ဤပုံပြင်မှာ တစ်ခုလုံးလုပ်ကြံဖန်တီးထားခြင်းသာ ဖြစ်သည်။ ဂျော့ဝါရှင်တန် ကွယ်လွန်ပြီး မကြာမီမှာပင် မေဆန်လော့ဝင်းမ် (Mason Locke Weems) ဆိုသူ လူတစ်ယောက်က ပထမဦးဆုံးသမ္မတကြီးအကြောင်း အတ္ထုပ္ပတ္တိရေးခဲ့သည်။ ဝင်းမ်က ဝါရှင်တန်ကို ပြီးပြည့်စုံသော လူတစ်ယောက်အဖြစ် မြင်စေလိုသည်။ ထို့ကြောင့်

ချယ်ရီသစ်ပင်နှင့် ပတ်သက်သည့်ပုံပြင်ကဲ့သို့ လုပ်ကြံဖန်တီးထားသော ဇာတ်လမ်းများ ရေးသားခဲ့သည်။ နောက်တော့မှသာ စာအုပ်ထွက်ပြီး နှစ်ပေါင်း (၁၀၀)အကြာမှ ထိုစာအုပ်သည် မမှန်မကန်သော စာအုပ်ဖြစ်ကြောင်း သိလာရသည်။




## အခန်း-(၂)
## ကျော့ချစ်ဖြတ်နိုးတဲ့ မောင်ဟန္နန်




မောင့်ဟန္နန်သည် ကျော့အတွက် ကမ္ဘာသစ်ကြီးတစ်ခုလုံးကို မျက်စိဖွင့်ပေးလိုက်သည့်နေရာ ဖြစ်သည်။ ဤနေရာတွင် သူသည် ဟာကျီးနီးယားရှိ အချမ်းသာဆုံးမိသားစုများနှင့် ရောနှောဆက်ဆံလာရသည်။ ရှက်ကိုးရှက်ကန်းနှင့် နည်းနည်းအထာမကျစေကာမူ ကျော့က ထိုအသိုင်းအဝိုင်းတွင် အလွန်အထာကျလိုခဲ့သည်။ ထို့ကြောင့်

သူသည် အကသင်တန်းကို တက်ခဲ့သည်။ (အချိန်မီပင် သူသည် အလွန်ကျွမ်းကျင်စွာ ကတတ်လာသည်။)




ဂျော့သည် ဓားရေးပြိုင်ကစားသည့် ကစားနည်းနှင့် ဂီတတို့ကို လည်း လေ့လာသင်ကြားခဲ့သည်။ ပို၍ကောင်းမွန်သော အဝတ်အစား များကို ဝတ်ဆင်သည်။ အပြုအမူကောင်းများနှင့်ပတ်သက်၍ သူကိုယ်သူ ဆုံးမသည့် ရှည်လျားလှသော စည်းမျဉ်းများကို ရေးသား သည်။ ထိုစည်းမျဉ်းများထဲမှ တစ်ခုမှာ အသားကင်နေသော မီးပုံထဲ သို့ တံတွေးမထွေးချရန် ဖြစ်သည်။ အခြားစည်းမျဉ်းတစ်ခုမှာ အခြား သူများရှေ့တွင် သန်းနှင့် ပိုးမွှားကောင်လေးများကို သတ်ဖြတ်ခြင်းမှ ရှောင်ရှားရန် ဖြစ်သည်။



လောရင့်စ်၏ယောကျ္ခမများဖြစ်ကြသည့် ဖဲရ်ဖက်စ် (Fairfax) မိသားစုသည် ဗာဂျီးနီးယား၌ အချမ်းသာဆုံးထဲတွင် ပါဝင်သည်။ အလွန်ကျယ်ပြန့်လှသော မြေယာများကို ပိုင်ဆိုင်သည်။ ကိုလိုနီနယ်မြေ၏ အနောက်ဘက်ပိုင်းတွင် မြေပုံဟူ၍ မရှိသေးချေ။ ထို့ကြောင့် လူများက မြေတိုင်းသမားများကို ငှားရမ်းကြသည်။ မြေတိုင်းသမားတစ်ဦး၏အလုပ်မှာ အိမ်ခြံမြေယာနယ်နိမိတ်များကို တိုင်းတာပြီး အမှတ်အသားပြုလုပ်ခြင်းဖြစ်သည်။ ယင်းလုပ်ငန်းသည် ဂျော့အတွက် အဆင်ပြေသည်။ သူက အပြင်ထွက်ရတာ ကြိုက်သည်။ သချာတွက်ချက်ရာ၌ မြန်ဆန်ပြီး ငွေရှာဖို့လည်း လိုအပ်လာပြီ။



ငင်းအပြင် မြေပုံများမရှိပါက အနောက်ဘက် ဗာဂျီးနီးယား ဒေသတွင် လမ်းများရှိလာနိုင်မည်မဟုတ်ချေ။ ဤဒေသသည် တောရိုင်းဒေသကြီးဖြစ်သည်။ ကျော့သည် မြေတိုင်းသမားတစ်ဦး အဖြစ် ကြမ်းတမ်းသောဘဝတစ်ခုကို ဖြတ်သန်းခဲ့ရသည်။ ရက်သတ္တပတ်ပေါင်းများစွာ လုပ်ငန်းပြီးသည်အထိ အဝတ်အစားမလဲနိုင်ခဲ့ချေ။ အခြားငှားရမ်းထားသော ဝန်ထမ်းများနှင့်အတူ မြေကြီးပေါ် အိပ်ခဲ့ရသည်။ ထင်းမီးပုံမွှေး၍ ဟင်းချက်ခဲ့ရသည်။ ရန်ပြုတတ်သော အင်ဒီယန်းအုပ်စုများ ရှင်းလင်းသည့်လမ်းကြောင်းကိုလည်း ကြိုးစားရှာဖွေသွားရသည်။




ကြည်လင်တောက်ပသော ဖြူပြာရောင်မျက်လုံးများ၊ နီညိုရောင်ဆံပင်များနှင့် ကျော့သည့် ပခုံးကျယ်ကျယ်လူငယ်တစ်ဦးအဖြစ် ကြီးပြင်းလာခဲ့သည်။ မြင်းမြီးပုံစံ ဆံပင်ထားသည်။ အရပ်ခြောက်ပေနှင့် နှစ်လက်မရှိ၍ သူ့အုပ်စုထဲတွင် အရပ်အမြင့်ဆုံးဖြစ်သည်။ သူ့ခြေထောက်နှင့်လက်များကလည်း ကြီးမားလှသည်။ သူ၏အရပ်ဆိုးလှသော သွားများမှလွဲ၍ သူသည် အလွန်ကျန်းမာသန်စွမ်းသူတစ်ဦးဖြစ်သည်။

ကံမကောင်းအကြောင်းမလှစွာပင် လောရင့်စ်မှာမူ ဆိုးရွားလှသော ကျန်းမာရေးပြဿနာများ ရှိသည်။ ချောင်းဆိုးသည့် ဝေဒနာပြင်းထန်စွာခံစားလာရသည်။ ပူနွေးသောရာသီဥတုက သူ့အစ်ကိုအတွက် သက်သာရာရစေနိုင်မည်ဟူသော မျှော်လင့်ချက်ဖြင့် ဂျော့

နှင့် လောရင့်စ်တို့သည် ဗင်နီဇွဲလားကမ်းခြေအလွန်ရှိ ဘာဘေဒိုးစ်ကျွန်း (Barbados) သို့ သင်္ဘောဖြင့် သွားခဲ့ကြသည်။ ဤခရီးစဉ်သည် ဂျော့ ဝါရှင်တန်၏ မြောက်အမေရိကအပြင်ဘက်သို့ ပထမဦးဆုံးနှင့် တစ်ခု တည်းသောခရီးစဉ်ပင် ဖြစ်သည်။

ဝမ်းနည်းစရာပင်။ လောရင့်စ်၏ကျန်းမာရေးအခြေအနေမှာ တိုးတက်ကောင်းမွန်မလာခဲ့ချေ။ ဂျော့ကလည်း ရေကျောက်ပေါက် လာခဲ့သည်။ ရေကျောက်သည်လည်း သေစေနိုင်သောရောဂါ ဖြစ်ခဲ့ သည်။ ဂျော့က အသက်မသေဘဲ ရှင်ကျန်ခဲ့သည်။ သို့သော်လည်း လောရင့်စ်သည် (၁၇၅၂)ခုနှစ်တွင် သေဆုံးသွားခဲ့သည်။ လောရင့်စ် ကွယ်လွန်စဉ် အိပ်ရာနံဘေးတွင် ဂျော့ရှိခဲ့သည်။ လောရင့်စ်သေဆုံးမှု သည် ဂျော့အတွက် ဆိုးဝါးလှသော ထိုးနှက်ချက်တစ်ခု ဖြစ်ခဲ့သည်။ ဂျော့သည် အသက်နှစ်ဆယ်အရွယ်သာရှိသေးပြီး သူအချစ်ဆုံးလူ တစ်ယောက်ကို ဆုံးရှုံးခဲ့ရလေပြီ။

ဂျော့ဝါရှင်တန်သည် လောရင့်စ်ကို ချစ်မြတ်နိုးရုံသာမက လေးစားမှုလည်း ရှိသည်။ လောရင့်စ်သည် စစ်ဝန်ထမ်းတပ်အရာရှိ တစ်ဦး ဖြစ်သည်။ (စစ်ဝန်ထမ်းတပ်ဖွဲ့ဆိုသည်မှာ စစ်တပ်၏ အမြဲ တမ်းတပ်ဖွဲ့ဝင်မဟုတ်ဘဲ အချိန်ပိုင်းစစ်သားများဖြင့် ဖွဲ့စည်းထား သောအုပ်စု ဖြစ်သည်။) ယခုဆိုလျှင် လောရင့်စ်၏ ရာထူးနေရာ လစ်လပ်သွားပေပြီ။ ဂျော့က သူ့နေရာတွင် အစားဝင်ခဲ့သည်။

◆ ◆ ◆

## သွားတု

ကျော့ဝါရှင်တန်သည် လူငယ်ဘဝ၌ပင်လျှင် သွားနှင့်ပတ်သက်သော ပြဿနာများရှိခဲ့သည်။ အလွန်နာကျင်သော ဝေဒနာခံစားရသည်။ သူသည် သမ္မတဖြစ်လာချိန်၌ သူ့တွင် မွေးရာပါသွားတစ်ချောင်းသာ ရှိတော့သည်။ သွားတုများ တပ်ထားရသည်။

သစ်သားဖြင့် လုပ်ထားသော ဝါရှင်တန်၏ သွားတုများနှင့်ပတ်သက်၍ ပုံပြင်ဇာတ်လမ်းများ ရှိခဲ့သည်။ ၎င်းကား မမှန်ပေ။ သွားတုများကို ဆင်စွယ်၊ ရေမြင်းနှင့် အခြားတိရစ္ဆာန်များ၏ အရိုးများနှင့် ပြုလုပ်လေ့ရှိကြသည်။ သွားများကို သတ္တုခံပြီး လေးလံလှသော စပရင်များဖြင့် တပ်ဆင်ထားရသည်။ သွားတုသည် တပ်ဆင်ရသည်မှာ နာကျင်ရုံမက အစားအစာစားသောက်ရာတွင်လည်း အခက်အခဲရှိသည်။ သွားတုများက သဘာဝအတိုင်းမဟုတ်သော နည်းလမ်းဖြင့် ထိုးထွက်နေခြင်းကြောင့် ကျော့ဝါရှင်တန်သည် ကသိကအောက်

ဖြစ်ခဲ့ရသည်။ သက်ကြီးပုဂ္ဂိုလ်တစ်ဦးအဖြစ် ဂျော့ဝါရှင်တန်၏ ပုံတူပန်းချီကားများတွင် ပြုံးရယ်နေသည်ကို ပြမထားချေ။ ဝါရှင်တန်၏ သွားတုတစ်စုံကို မောင့်ဗာနွန်တွင် ပြသထားရာ လူများ ကြိုက်နှစ်သက်သော ပြခန်းတစ်ခု ဖြစ်နေသည်။



A MILITIA MAN



## အခန်း-(၃)

## ဗိုလ်ချုပ်နုနယ်စစ်သားငယ်လေး




(၁၇၅၀)ခုနှစ် စောစောပိုင်းကာလ ဖြစ်သည်။ အိုဟိုင်ဗိုး မြစ်တောင်ကြားဒေသနှင့် ပတ်သက်၍ ပြင်သစ်နှင့် အမေရိကန်တို့ တစ်ချိန်က စစ်တိုက်နေကြရသည်။ ပြဿနာမှာ ရိုးရှင်းသည်။ နှစ်နိုင်ငံစလုံးက ယင်းနယ်မြေကို ထိန်းချုပ်လိုကြသည်။

ထိုဒေသတွင် ပြင်သစ်က ခံတပ်အများအပြား တည်ဆောက်ခဲ့သည်။ ပြင်သစ်သည် ဗြိတိသျှကိုလိုနီနယ်သားများကို အရှေ့ဘက်ကမ်းခြေမှနေ၍ ဝန်းရံပိတ်ဆို့ထားလိုကြသည်။ 'ခံတပ်များကို ချက်ချင်းစွန့်ခွာပါ'ဟု ပြင်သစ်တို့အား သတိပေးသည့် စာကို ဂျော့ဝါရှင်တန်က ပို့ဆောင်ပေးခဲ့ရသည်။

ပြင်သစ်တို့ကမူ ထိုသတိပေးချက်ကို လျစ်လျူရှုခဲ့ကြသည်။ ဤခရီးစဉ်သည် ဂျော့ဝါရှင်တန်အတွက် အရေးကြီးသောခရီးတစ်ခုဖြစ်သည်။ ဂျော့သည် လူအနည်းငယ်လောက်နှင့်အတူ တောကြီးမျက်မည်းကိုဖြတ်၍ မိုင်ပေါင်းထောင်နှင့်ချီ သွားခဲ့ရသည်။ တောင်တန်းနှစ်ခုကို သူဖြတ်ကျော်ခဲ့ရသည်။ ရေခဲနေသည့်မြစ်ကို ဖောင်ဖြင့်ဖြတ်သန်းခဲ့ရသည်။ ရေက အလွန်အေးမြပြီး ရေစိုနေသော သူ့အဝတ်အစားများမှာ အေးခဲနေသည်။ သို့တစေ သူသည် ဘေးကင်းစွာဖြင့် ပြန်လည်ရောက်ရှိလာပြီး သူ၏ရဲစွမ်းသတ္တိအတွက် ရာထူးတိုးမြှင့်ပေးခံခဲ့ရသည်။ သူ့ခရီးစဉ်နှင့်ပတ်သက်၍ သူရေးထားသောစာများသတင်းစာများတွင် ပါလာသည်။ ဗိုလ်မှူးဂျော့ဝါရှင်တန်၏ နေ့စဉ်မှတ်တမ်းကြောင့် သူသည် ထင်ရှားကျော်ကြားခဲ့သည်။




In 1754 Benjamin Franklin drew this to urge colonists to unite to fight the French.

လအနည်းငယ်ကြာပြီးနောက် အိုဟိုင်းအိုးမြစ်တောင်ကြား ဒေသသို့ ကျော့ကို ထပ်မံစေလွှတ်ခဲ့သည်။ ဤတစ်ကြိမ်တွင် သူနှင့် အတူ လူပေါင်း (၁၅၀) လိုက်ပါလာခဲ့ကြသည်။ သူတို့သည် ခံတပ် တစ်ခုကို တည်ဆောက်ရန်ဖြစ်သည်။

ဗြိတိသျှနှင့် ပြင်သစ်တို့မှာ အတိအလင်းစစ်မခင်းကြသေးပေ။ ကျော့ဝါရှင်တန်၏လူများက ပြင်သစ်စစ်သားများနှင့် အမှတ်မထင် တွေ့ဆုံမိသောအခါ သေနတ်သံတစ်ချက် ထွက်ပေါ်လာခဲ့သည်။ မည်သည့်ဘက်က စတင်တိုက်ခိုက်ခဲ့သနည်း။ ယနေ့အထိ မည်သူမှ အသေအချာမပြောနိုင်သေးချေ။ သို့သော်လည်း ဝါရှင်တန်ဘက်မှ လူတစ်ယောက်မျှ ဆုံးရှုံးခဲ့ခြင်းမရှိခဲ့ဘဲ ပြင်သစ်စစ်သား (၁၀)ယောက် သေဆုံးသွားခဲ့သည်။ သေဆုံးသူများတွင် သူတို့ခေါင်းဆောင် ပါဝင်သည်။

ဤဖြစ်ရပ်သည် ပြင်သစ်နှင့် ဗြိတိသျှတို့ တကယ့်စစ်ပွဲဖြစ်ပွား လာစေရန် မီးမွှေးပေးလိုက်ခြင်းပင် ဖြစ်သည်။ မကြာမီမှာပင် ပြင်သစ်စစ်သား (၈၀၀)ကျော်သည် အင်ဒီယန်းလူနီစစ်သည်လေးရာ တို့နှင့်အတူ အင်အားအလွန်အင်အားနည်းသော ဝါရှင်တန်၏ တပ်များကို တိုက်ခိုက်ကြတော့သည်။ ဝါရှင်တန်ဘက်မှာ လူ(၁၀၀)ခန့် သေဆုံးခဲ့ကြသည်။ လက်နက်ချရန်မှလွဲ၍ သူ့အနေနှင့် ဘာကို ရွေးချယ်ရတော့မည်နည်း။ သူနှင့် သူ့လူများသည် စစ်အကျဉ်းသား အဖြစ် အဖမ်းမခံခဲ့ကြရပေ။ ၎င်းအစား သူတို့သည် ခံတပ်ကိုစွန့်လွှတ်ပြီး

အိမ်သို့ ပြန်ရတော့သည်။

ထိုရှုံးနိမ့်မှုသည် ဂျော့ဝါရှင်တန်အတွက် ကြီးမားသော ထိုးနှက်ချက်ပင် ဖြစ်ခဲ့ရသည်။ သူ့ဘဝတစ်ခုလုံးတွင် သူ၏ပုံရိပ်အတွက် ပူပန်ခဲ့ရသည်။ သူသည် ရဲစွမ်းသတ္တိရှိပြီး ဂုဏ်သိက္ခာရှိသူ တစ်ဦး ဖြစ်လိုသည်။ လက်နက်ချခဲ့ရသည့်အဖြစ်သည် သူ့စိတ်ကို အနှောင့်အယှက် ဖြစ်စေခဲ့သည်။ သို့တိုင်အောင်ပင် သူ၏ခေါင်းဆောင်မှုအတွက် သူ့ကို တစ်ခါထပ်၍ ချီးကျူးခဲ့ကြသည်။ စစ်သည်တစ်ဦးအဖြစ် သူ၏ဘဝလမ်းကြောင်းအစပြုခဲ့လေပြီ။

နောက်တစ်ကြိမ်တွင် ဂျော့ဝါရှင်တန်သည် ဖိုဟိုင်ဖိုးတောင်ကြားမှ ပြင်သစ်တပ်များကို မောင်းထုတ်ရန် တာဝန်ယူထားသည့် ဗြိတိသျှဗိုလ်ချုပ်ကြီးတစ်ဦး၏ လက်ထောက်ဖြစ်လာခဲ့သည်။


ယခုအချိန်အထိ ဝါရှင်တန်သည် အမေရိကန်စစ်သည်များကို ခေါင်းဆောင်ခဲ့သည်။ အခုဆိုလျှင် သူသည် စရိုက်ကြမ်းပြီး ကြောက်မက်ဖွယ်ကောင်းသော ကုတ်အင်္ကျီနီများနှင့်အတူ တာဝန်ထမ်းဆောင်ရတော့မည်။ (ကုတ်အင်္ကျီနီများဆိုသည်မှာ ဗြိတိသျှတပ်မတော်မှစစ်သားများကို နောက်ပြောင်၍ခေါ်သော အမည်ဖြစ်သည်။ သူတို့ဝတ်ဆင်သော တောက်ပြောင်သည့် အနီရောင်ဝတ်စုံများကိုကြည့်ပြီး ခေါ်ဆိုခြင်း ဖြစ်သည်။) ပြင်သစ်တို့၏ အကြီးမားဆုံးခံတပ်ကြီးတစ်ခုကို တိုက်ခိုက်ရန်အတွက် ဗိုလ်ချုပ်ကြီးက လူဦးရေနှစ်ထောင်ပါသော ကြီးမားသည့်တပ်ဖွဲ့ကြီးတစ်ဖွဲ့ကို ဖွဲ့စည်းခဲ့သည်။



A Redcoat Soldier


ဥရောပတွင် စစ်တိုက်ကြသည့် ရန်သူတပ်မတော်များသည် ကွင်းပြင်ထီးထီးများတွင် တစ်ဖက်နှင့်တစ်ဖက် မျက်နှာချင်းဆိုင်တိုက်ကြခြင်း ဖြစ်သည်။ တစ်တန်းပြီး တစ်တန်း တန်းစီထားကြသော စစ်သားများသည် ရှေ့နောက်တန်းတန်းမတ်မတ် ချီတက်ကြပြီး အမြောက်များ၊ ပြောင်းရှည်သေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက်ကြသည်။ (ပုံတွင်ကြည့်ပါ)

A TYPICAL BATTLE IN EUROPE



အမေရိကတွင် တိုက်ခိုက်မှုပုံစံမှာ တစ်မျိုးဖြစ်ကြောင်း ဝါရှင်တန်က ဗြိတိသျှစစ်သားများကို ဘက်ပေါင်းစုံမှ ရောက်လာကြလိမ့်မည့် လူနီအင်ဒီယန်းများက သစ်တောများထဲမှ ထွက်လာပြီး တိုက်ခိုက်ကြပေလိမ့်မည်။ ရန်သူများသည် သစ်ပင်များနှင့် ကျောက်တုံးများနောက်ကွယ်တွင် ပုန်းအောင်းနေကြမည်ဟုပြောခဲ့သည်။

A TYPICAL BATTLE IN AMERICA





ဗိုလ်ချုပ်ကြီးက ဝါရှင်တန်၏စကားကို နားမထောင်ခဲ့ချေ။ ဗြိတိသျှစစ်သားများသည် သူတို့တိုက်နေကျပုံစံ လေ့ကျင့်ထားသည့်အတိုင်း တိုက်ခိုက်ခဲ့ကြသည်။ စစ်ပွဲ၏ရလဒ်မှာ ဗြိတိသျှစစ်သည်များ ပြင်းပြင်းထန်ဒုက္ခတွေ့ခဲ့ကြခြင်းပင်ဖြစ်သည်။ ဗြိတိသျှစစ်သားများသည် ပုန်းအောင်းနေသော ပြင်သစ်နှင့် အင်ဒီယန်းတပ်ဖွဲ့များ၏ အစုလိုက်အပြုံလိုက် သုတ်သင်ခြင်းကို ခံရတော့သည်။ မကြာမီမှာပင် ရာနှင့်ချီသော ဗြိတိသျှစစ်သားများ ကျဆုံးခဲ့ရသည်။

ကျော့ဝါရှင်တန်မှာမူ ပြောင်းရှည်သေနတ်ကျည်ဆံလေးချက်က သူ့ကုတ်အင်္ကျီကို ဖောက်ထွင်းသွားခဲ့သည်။ ကျည်ဆံတစ်ချက်ကြောင့် သူ့ခေါင်းပေါ်မှ ဦးထုပ်လွင့်ထွက်သွားသည်။ သူစီးနင်းခဲ့သော မြင်းနှစ်ကောင်လည်း ကျည်ဆံထိခဲ့ရသည်။ သူခန္ဓာကိုယ်ကတော့ ကျည်ဆံမထိမှန်ခဲ့ချေ။

ဗိုလ်ချုပ်ကြီးမှာလည်း ကံမကောင်းခဲ့ချေ။ ဗြိတိသျှဗိုလ်ချုပ်ကြီးသည် စစ်ပွဲမှရသောဒဏ်ရာဖြင့် သေဆုံးခဲ့ရသည်။ ထို့ကြောင့် ကျော့ဝါရှင်တန်သည် ရှေ့တန်းတပ်ဖွဲ့များအားလုံးကို ဦးဆောင်ခဲ့ရသည်။ ထိုအချိန်က သူ့အသက်မှာ (၂၂)နှစ်သာ ရှိသေးသည်။ ကျော့ဝါရှင်တန်သည် အိုဟိုင်းအိုးမြစ်တောင်ကြားဒေသတွင် ခံတပ် (၈၀) ကျော် ဆောက်လုပ်ရန်အတွက် ငါးနှစ်ကြာအချိန်ယူခဲ့ရသည်။ ကျော့ဝါရှင်တန်သည် ပြင်သစ်တပ်များနှင့် ရန်ပြုတတ်သော အင်ဒီယန်းအုပ်စုများနှင့် ငါးနှစ်ကြာတိုက်ပွဲဆင်နွှဲခဲ့ရသည်။

ပြင်သစ်နှင့် အင်ဒီယန်းစစ်ပွဲဟု သိထားသောစစ်ပွဲ၌ နောက်ဆုံးတွင် ဗြိတိသျှတို့ အနိုင်ရခဲ့သည်။ ထို့ကြောင့် အမေရိက ကိုလိုနီဒေသတွင် နေထိုင်ကြသူများသည် အနောက်ဘက်ဒေသသို့ လွတ်လပ်စွာသွားရောက်နိုင်ကြပြီ။ အိုဟိုင်းအိုးမြစ်တောင်ကြားဒေသ၏ မြေဩဇာကောင်းသော မြေယာများပေါ်တွင် အခြေချနေထိုင်လာကြသည်။

◆ ◆ ◆


French
Land Claims
British
Land Claims
Spanish
Land Claims
By 1763 the British
controlled all lands
east of the Mississippi.

## အခန်း-(၄)
## ကျေးလက်ဒေသမှာ နေရတဲ့ဘဝ

ဂျော်ဝါရှင်တန်သည် စစ်ပွဲကို စိတ်ကုန်စရာ တွေ့မြင်ခဲ့ရပြီး လေပြီ။ စစ်တပ်ကွပ်ကဲအုပ်ချုပ်မှုကို ဂျော့ကစွန့်လွှတ်ပြီး ဗာဂျီးနီးယားသို့ ပြန်သွားခဲ့သည်။ သူ့အစ်ကို လောရင့်စ်၏ဇနီးသည်လည်း ကွယ်လွန်ခဲ့သည်။ အသက်ရှင်ကျန်ရစ်သော သားသမီးတစ်ဦးမှ မရှိချေ။ ထို့ကြောင့် မောင့်ဗာနွန်မှ အိမ်ကြီးကို ဂျော့ဝါရှင်တန်က ပိုင်ဆိုင်လာခဲ့သည်။ ကျန်ရှိသည့် သူ့ဘဝတစ်လျှောက်လုံးတွင် ဤအိမ်ကြီး၌ပင် အေးအေးချမ်းချမ်း နေသွားလိုသည်။




ကပွဲတစ်ခုတွင် ဂျော့သည် ကလေးနှစ်ယောက်မိခင် အလွန်ချမ်းသာသော လင်သေမုဆိုးမတစ်ဦးနှင့် တွေ့ဆုံခဲ့သည်။ သူ၏အမည်မှာ မာသာကပ်စ်တစ် (Martha Custis) ဖြစ်သည်။ မာသာသည် ပုပုဝဝနှင့် နွေးထွေးသောအပြုံးရှိသူ ဖြစ်သည်။ ဂျော့သိကျွမ်းသည့် လူများကိုလည်း မာသာက သိသည်။ သူတို့နှစ်ဦးစလုံး ကျေးလက်ဘဝနေထိုင်မှုကို လိုလားသည်။ အဖက်ဖက်က သူတို့နှစ်ဦးလိုက်ဖက်နေကြသည်။ 'ငါတော့ သဘောကျလက်ခံလောက်တဲ့အဖော်တွေ့ခဲ့ပြီ'ဟု ဂျော့က သူ့မိတ်ဆွေတစ်ဦးဆီ စာရေးခဲ့သည်။

(၁၇၅၉)ခုနှစ်၊ ဇန်နဝါရီလ (၆)ရက်နေ့တွင် သူတို့လက်ထပ်ခဲ့ကြသည်။ နှစ်ဦးစလုံးအသက်မှာ (၂၇)နှစ်စီ ရှိကြသည်။ မည်သည့်အခါကမျှ အရှုးအမူးမချစ်ခဲ့ကြသော်လည်း သူတို့နှစ်ဦး သံယောဇဉ်ကြီးကမူ ခိုင်မာသည်။ ဂျော့ကို မာသာက 'အဘိုးကြီး' သို့မဟုတ် 'ပါးပါး'ဟု ခေါ်သည်။ ကံဆိုးချင်တော့ သူတို့နှစ်ယောက်ပေါင်းဖက်မှုမှာ ကလေးမရခဲ့ကြချေ။ သို့သော်လည်း ဂျော့သည် သူ၏မယားပါ


ကလေးနှစ်ဦးဖြစ်သော ပက်စီ (Patsy) နှင့် သူမ၏အစ်ကို ဂျက်ကီ (Jacky) တို့ကို အရမ်းချစ်သည်။



ဂျော့နှင့်မာသာတို့နှစ်ဦးစလုံး ဧည့်ခံပွဲပြုလုပ်ရသည်ကို နှစ်သက်ကြသည်။ သူ့ယခုထက်ပို၍ အသက်ကြီးလာသောအခါ သူနှင့် မာသာတို့သည် အနှစ်နှစ်ဆယ်ကာလအတွင်း မည်သည့်အခါကမျှ သီးခြားစီ စားသောက်မှု မပြုလုပ်ခဲ့ကြောင်း ပြောသည်။ အပတ်တိုင်းလိုလိုပင် မောင့်ဗားနွန်၌ ဧည့်သည်ပြတ်သည်ဟူ၍ မရှိခဲ့ချေ။

ဝါရှင်တန်သည် ထောက်ထားညှာတာတတ်သော အိမ်ရှင်တစ်ဦးဖြစ်ခဲ့သည်။ အအေးမိထားသော ဧည့်သည်တစ်ဦးသည် ညတစ်ညတွင် ဝါရှင်တန်၏အိပ်ရာထဲတွင် အိပ်နေရာမှ နိုးလာခဲ့သည်။ သူ့အခန်းထဲတွင် ဝါရှင်တန်က ဧည့်သည်အတွက် လက်ဖက်ရည်နွေးနွေးတစ်ခွက်ကိုင်ပြီး မတ်တတ်ရပ်နေသည်။ ဧည့်သည်ကို ပြုစုရန် ဖြစ်သည်။




ဝါရှင်တန်သည် တစ်ပတ်လျှင် နှစ်ကြိမ်သုံးကြိမ်ခန့် မြေခွေးများကို အမဲလိုက်သည်။ (သူ၏အမဲလိုက်ခွေးတစ်ကောင်၏အမည်မှာ ဆွိလစ် (sweetlips) ဖြစ်သည်။ သူသည် ဖဲကစားတာကို နှစ်သက်ပြီး လောင်းကြေးအနည်းငယ်မျှဖြင့် ကစားသည်။ သူတို့ဒေသအတွင်း အရက်ဆိုင်၌ နောက်ဆုံးပေါ် အတင်းအဖျင်းများနှင့် ဟာသပျက်လုံးများကို နားထောင်ရန် မိတ်ဆွေများနှင့် ဝိုင်းဖွဲ့တတ်ကြသည်။

သို့သော်လည်း ကျယ်ပြန့်လှသော ယာတောကြီးကို လုပ်ကိုင်ခြင်းသည် အရေးတကြီးလုပ်ငန်းတစ်ခု ဖြစ်သည်။ ဤလုပ်ငန်းအတွက် သူက အချိန်အပြည့်ပေးရသည်။ ဝါရှင်တန်သည် နံနက်အစောကြီး အိပ်ရာက ထသည်။ မနက်စာအတွက် ပျားရည်ပါသော မုန့်ချပ်ဝိုင်းကို စားသည်။ (မုန့်ချပ်ဝိုင်းကို စားရတာ လွယ်ကူအောင် အချပ်ကလေး

များ ညှပ်ထားသည်။) ထို့နောက် သူမြင်းကို စီးကာ လယ်ကွင်းအနှံ့ လျှောက်သွား၍ ကျွဲနွားများကို ထိန်းကျောင်းပြီး ခြံစည်းရိုးများ ကာရံသည်။







ပထမတွင် လယ်တော၌ ဆေးရွက်ကြီးများစိုက်ပျိုးပြီး ရောင်းချခဲ့သည်။ ဝါရှင်တန်ကိုယ်တိုင် သူ့သီးနှံကို တိုးတက်မှုရှိစေရန် လက်တွေ့စမ်းသပ်မှု နည်းလမ်းပေါင်းစုံပြုလုပ်ခဲ့စေကာမူ ဆေးရွက်ကြီးများစိုက်ပျိုးရသည်မှာ ခက်ခဲသည်။ နောက်ပိုင်းတွင် ဝါရှင်တန်က ဂျုံပင်စိုက်ပျိုးရေးလုပ်ငန်းကို ပြောင်းလိုက်ပြီး ဂျုံမှုန့်ထုတ်လုပ်ရန် အတွက် စက်ရုံတစ်ရုံတည်ဆောက်သည်။ ဂျုံပင်သည် စိုက်ပျိုးရတာ ပို၍လွယ်ကူပြီး ဂျုံများကို ဒေသအတွင်းမှာပင် ရောင်းချနိုင်သည်။ ဆေးရွက်ကြီးအများစုကိုမူ အင်္ဂလန်သို့ တင်ပို့ခဲ့သည်။

ဗာဂျီးနီးယားကျေးလက်ဒေသတွင် ကုန်စုံဆိုင်နှင့် အဝတ်အထည်ဆိုင်များ မရှိချေ။ ရထားလုံးလှည်းများ၊ လှပသောအဝတ်အထည်များကို အင်္ဂလန်မှ တင်သွင်းရသည်။ လယ်ယာမြေတွင် အားလုံးလောက်နီးနီး စိုက်ပျိုးလုပ်ကိုင်နိုင်သည်။ အဝတ်အစားအတွက် ချည်ထည်များကို ဤနေရာတွင် ရက်လုပ်နိုင်သည်။ သိုးမွေးစများကို မောင့်ဗာနွန်ရှိ သိုးများထံမှ ရရှိသည်။


မောင့်ဗာနွန်တွင် ကျွေးမွေးပြုစုလုပ်ကိုင်ပေးမည့် လူများရှိသည်။ ဂျော့နှင့် မာသာတို့နှစ်ဦးတွင် ကိုယ်ပိုင်ကျွန်းပေါင်း (၃၀၀)ခန့်ရှိသည်။ အမေရိကတောင်ပိုင်းမှ အခြားသောချမ်းသာသည့် လယ်သမားများကဲ့သို့ပင် ဝါရှင်တန်တွင် သူ၏သီးနှံများစိုက်ပျိုးရန်နှင့် လယ်ကွင်းများတွင် အလုပ်လုပ်ရန်အတွက် ကျွန်အလုပ်သမားများထားရှိသည်။ သို့သော် သူ့ဘဝနောက်ပိုင်းတွင် ကျွန်စနစ်သည် ဆိုးညစ်ပြီး ရိုင်းစိုင်း၍ တရားမျှတမှုမရှိဟု သူမြင်ခဲ့သည်။ သို့သော်လည်း ရေရှည်၌မူ ဂျော့က ကျွန်စနစ်ကို သူ့အရှိအတိုင်းလက်ခံခဲ့သည်။ သူသည် ကြမ်းတမ်းခက်ထန်သော သခင်တစ်ယောက်မဟုတ်သလို ကြင်နာတတ်သောသခင်လည်း မဟုတ်ချေ။

လယ်သမားတစ်ဦးဘဝ (၁၅)နှစ်တာကလာအတွင်း ဂျော့ဝါရှင်တန်သည် ဗာဂျီးနီးယား၏ လူကြီးလူကောင်းလွှတ်တော်တွင် အဖွဲ့ဝင်အဖြစ် ရွေးချယ်ခံရသည်။ လူကြီးလူကောင်းအဖွဲ့ဝင်များသည် ထိုအချိန်က ကိုလိုနီနယ်၏မြို့တော် ဖြစ်သည့် ဝီလျံစ်ဘာ့ဂ်မြို့တော်

(Williamsburg) တွင် တွေ့ဆုံစည်းဝေးပြီး ဒေသဆိုင်ရာကိစ္စများကို ဆုံးဖြတ်ကြသည်။




အမေရိကန်၏ကိုလိုနီနယ်ပေါင်း (၁၃)နယ်သည် အင်္ဂလန်၏ ပိုင်ဆိုင်မှုအောက်တွင်ရှိနေသော်လည်း ထိုပြည်နယ်များသည် ကိုယ်ပိုင်အုပ်ချုပ်ရေးအစိုးရတစ်ခုစီရှိနေကြသည်။ အင်္ဂလန်ဘုရင်နှင့် ပါလီမန်အင်္ဂလန်အစိုးရတို့က ကိုလိုနီနယ်သားတို့၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ပေးနေသမျှ ကောင်းမွန်သော အစီအမံတစ်ခု ဖြစ်နေပေလိမ့်မည်။ ကိုလိုနီနယ်သားအများစုသည် ဗြိတိသျှလက်အောက်ခံနိုင်ငံသားများ ဖြစ်ရသည်ကို ဂုဏ်ယူကြသည်။ ထို့နောက် (၁၇၆၀)ခုနှစ်နောက်ပိုင်းတွင်မူ ပြောင်းလဲလာခဲ့သည်။



**ပက်စီနှင့်ဂျက်ကီ**

ဂျော့ဝါရှင်တန်ကို သူတို့မိခင် ကပ်စ်တစ် (Custis) လက်ထပ်လိုက်ချိန်က ဂျက်ကီကပ်စ်တစ်သည် အသက် လေးနှစ်နှင့် ညီမဖြစ်သူ ပက်စီသည် နှစ်နှစ်အရွယ်သာ ရှိသေးသည်။ ဂျော့သည် မယားပါ ကလေးနှစ်ယောက် အပေါ် ကောင်းသူတစ်ဦးဖြစ်သည်။ ဂျော့သည် သူတို့ အတွက် လှပကောင်းမွန်သော အဝတ်အစားများ၊ ကစားစရာများကို အင်္ဂလန်မှ မှာယူဝယ်ပေးခဲ့သည်။ (ပက်စီ အတွက် အရုပ်တစ်ခု အချိန်မီရောက်မလာခဲ့၍ ဂျော့က စိတ်မကောင်းဖြစ်ခဲ့ဖူးသည်။)

ပက်စီသည် ချစ်စဖွယ်မိန်းကလေး ဖြစ်သည်။ ပက်စီ သည် ငယ်စဉ်ကတည်းကပင် လေသင်တုန်းဖြတ်သည့် ရောဂါရခဲ့ပြီး အသက်ကြီးလာသည်နှင့်အမျှ ပို၍ဆိုးဝါး လာသည်။ ဆရာဝန်များကလည်း မည်ကဲ့သို့ကုသပေး ရမည်ကို မသိခဲ့ကြချေ။ ပက်စီသည် (၁၇)နှစ်အရွယ်မှာ ပင် လေသင်တုန်း ဖြတ်ပြီး သေဆုံးသွားခဲ့သည်။

ဂျက်ကီသည် အလိုလိုက်ခံထားရ၍ ဆိုးဝါးပြီး ပျင်းရိ သော ကလေးဖြစ်သည်။ သူအလိုချင်ဆုံးမှာ ပျော်ပါးဖို့

သာ ဖြစ်သည်။ သူသည် အိမ်သို့မပြန်မီ နယူးယောက်ကောလိပ်တွင် လအနည်းငယ်လောက်သာ ကျောင်းတက်ခဲ့သည်။ လယ်သမားတစ်ဦးအနေနှင့်လည်း သူသည် မအောင်မြင်ခဲ့ပေ။ သူ၏ ပထွေး (ဂျော့ဝါရှင်တန်)က လွတ်လပ်ရေးစစ်ပွဲ အောင်မြင်ပြီး ရက်သတ္တပတ်အနည်းငယ်မှာပင် ဂျက်ကီသည် အသက် (၂၆)နှစ်အရွယ်ဖြင့် သေဆုံးခဲ့သည်။ ဂျက်ကီ၏ သားနှင့်သမီးတို့ကို ဂျော့နှင့်မာသာတို့က မောင့်ဗာနွန်၌ပင် ကျွေးမွေးစောင့်ရှောက်ခဲ့ရသည်။ (ဂျက်ကီ၏ဇနီးနှင့်သမီးအကြီး နှစ်ယောက်မှာမူ ဟာကျီးနီးယား၌ပင် နေထိုင်ခဲ့ကြသည်)

ဂျော့ဝါရှင်တန်တွင် သားရင်းသမီးရင်းမရခဲ့မှု အပေါ် သမိုင်းပညာရှင်အတော်များများက ပြောကြားရာ၌ ရေကျောက်ပေါက်ခဲ့၍ သားသမီးမရနိုင်ဟု ဆိုကြသည်။



JACKY



PATSY

## ကျွန်စနစ်

အမေရိကတွင် ကျွန်စနစ်သည် ခရစ်နှစ် (၁၆၀၀) ဝန်းကျင်က စတင်ပေါ်ပေါက်လာခဲ့သည်။ (၁၇၅၀)ခုနှစ်များတွင် ကျွန်စနစ်သည် အမေရိက၏ ကိုလိုနီနယ်ပေါင်း (၁၃)ခုလုံးတွင် တရားဝင်အသိအမှတ် ပြုထားသောစနစ်တစ်ခု ဖြစ်နေသေးသည်၊ မြောက်ပိုင်းတွင်မူ ကျွန်အရေအတွက် အနည်းငယ်သာရှိသည်။ ဗာဂျီးနီးယား၊ တောင်ကာရိုလိုင်းနားနှင့် ဂျော်ဂျီယာနယ်များတွင် ကျွန်အများစုကို မြေပိုင်ရှင်များက ပိုင်ဆိုင်ကြသည်။ အဘယ့်ကြောင့်နည်း။

အမေရိကမြောက်ပိုင်းတွင် မြေဩဇာကောင်းသော မြေဆီများစွာမရှိချေ။ ဆေးရွက်ကြီး၊ ဆန်စပါး၊ ဝါဂွမ်းစသည့် စီးပွားဖြစ် ရောင်းချနိုင်သော သီးနှံများသည်လည်း တောင်ပိုင်းတွင် စိုက်ပျိုးဖြစ်ထွန်းသလို မထွက်ရှိပေ။ လယ်သမားများမှာ အများအားဖြင့် လယ်ကွက်အနည်းအကျဉ်းသာ ပိုင်ဆိုင်ကြသည်။ လူငှားမလိုဘဲ မိသားစုတစ်စုတည်းနှင့် စီမံလုပ်ကိုင်နိုင်သည်။

သို့ရာတွင် တောင်ပိုင်း၌မူ အချို့သောလယ်မြေများ

(သို့မဟုတ်) စိုက်ကွင်းများသည် ဧကပေါင်းထောင်နှင့်ချီ၍ ကျယ်ပြန့်သည်။ သီးနှံများကို အမြတ်အစွန်းရရေးအတွက် စိုက်ပျိုးကြသည်။ မြေယာများတွင် အလုပ်လုပ်ရန် လူအမြောက်အမြားလိုအပ်သည်။


ကျွန်များသည် ဈေးအပေါဆုံးလုပ်သားရင်းမြစ်များ ဖြစ်သည်။ ကျွန်များသည် လုပ်ခလစာဟူ၍ မရကြချေ။ အာဖရိကတိုက်မှ လူမည်းများကို ပြန်ပေးဆွဲဖမ်းဆီးခေါ်ဆောင်လာကြပြီး အမေရိကသို့ လေလံတင်ရောင်းချခံရသော ကျွန်များတွင် မည်သည့်အခွင့်အရေးမျှ မရကြပေ။ မြေကြီး၊ ထွန်တုံး သို့မဟုတ် မြင်းတစ်ကောင်ကဲ့သို့ပင် ကျွန်များသည် သူတို့သခင်၏ ကိုယ်ပိုင်ပစ္စည်းများ ဖြစ်ကြသည်။ ဂျော့ဝါရှင်တန်အပြင် အမေရိကန်တွင် သောမတ်စ် ဂျက်ဖာဆန် (Thomas Jefferson) သည်လည်း ကျွန်ပိုင်ရှင်တစ်ဦး ဖြစ်သည်။ မာသာကွယ်လွန်ပြီးနောက်တွင် သူပိုင်ဆိုင်သော ကျွန်များအားလုံးကို လွတ်လပ်ခွင့်ပေးရမည်ဟု ဂျော့ဝါရှင်တန်၏ သေတမ်းစာတွင် ရေးသားခဲ့သည်။ သို့ရာတွင် သူသက်ရှိထင်ရှားရှိနေစဉ်ကာလအတွင်း

မည်သည့်ကျွန်ကိုမျှ လွတ်လပ်ခွင့်မပေးခဲ့ချေ။

(၁၇၀၀)ပြည့်နှစ် နှောင်းပိုင်းကာလတွင် အမေရိကန် မြောက်ပိုင်းရှိ ကိုလိုနီနယ်အများစုတွင် ကျွန်စနစ်ကို တရားမဝင်ကြောင်း ကြေညာခဲ့သည်။ အမေရိကန် တောင်ပိုင်းဒေသများတွင် ကျွန်စနစ် အဆုံးသတ်ရေး အတွက် (၁၈၆၁)ခုနှစ်မှ (၁၈၆၅)ခုနှစ်အထိ တောင်ပိုင်း နှင့် မြောက်ပိုင်းပြည်တွင်းစစ်ပွဲဖြစ်ပွားခဲ့သည်။

## အခန်း-(၅)
## ခွဲထွက်ကြပြီ

ရှည်လျားလှသော ပြင်သစ်၊ အင်ဒီယန်းတို့နှင့်စစ်ပွဲသည် အင်္ဂလန်အတွက် အကုန်အကျများသောစစ်ပွဲ ဖြစ်သည်။ ဒုတိယ မြောက်ကျော့ဘုရင်သည် အသပြာအမြောက်အမြားချေးငှားခဲ့ရသည်။ စစ်ပွဲမှာ အမေရိကန်မြေပေါ်တွင် တိုက်ခဲ့ရသောစစ်ပွဲ ဖြစ်သည်။ အင်္ဂလန်က အနိုင်ရရှိခဲ့သော်လည်း ဗြိတိသျှစစ်သည်တစ်သောင်းကို ပြင်သစ်များကျူးကျော်လာပါက တိုက်ခိုက်ရန် အမေရိကတွင် ထားရှိခဲ့ရသည်။



(၁၇၆၃)ခုနှစ်တွင် ဒုတိယမြောက်ဂျော့ဘုရင်၏မြေးတော် တတိယမြောက်ဂျော့ဘုရင် နန်းတက်လာခဲ့သည်။ ကိုလိုနီနယ်များက စစ်ပွဲကုန်ကျစရိတ်များပေးရန် ဆုံးဖြတ်ခြင်းသည် မျှတမှုရှိသည်ဟု ဘုရင်သစ်က ယူဆခဲ့သည်။ ထိုအသပြာငွေ ဘယ်ကရနိုင်မည်နည်း။ အခွန်အကောက်ဖြင့် ရနိုင်သည်။

(၁၇၆၅)ခုနှစ်တွင် အင်္ဂလိပ်ပါလီမန်က တံဆိပ်ခေါင်းဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းခဲ့သည်။ ကိုလိုနီနယ်များတွင် အမျိုးမျိုးသောစာချုပ်စာတမ်းများနှင့် ရောင်းကုန်ပစ္စည်းများတွင် တံဆိပ်ခေါင်းကပ်ထားကြရမည်။ သေတမ်းစာများ၊ ကန်ထရိုက်စာချုပ်များ၊ ကောလိပ်ဒီပလိုမာဘွဲ့ကတ်များနှင့် လက်ထပ်လိုင်စင်များအားလုံးသည်လည်း တံဆိပ်ခေါင်းမပါလျှင် အတည်မဖြစ်ချေ။ သတင်းစာများနှင့် ဖဲထုပ်များတွင်လည်း အခွန်တံဆိပ်ကပ်ကြရသည်။ တံဆိပ်ခေါင်းတန်ဖိုးမှာများစွာမမြင့်မားသော်လည်း ကိုလိုနီနယ်သားများ ဒေါသအမျက်ထွက်ခဲ့ကြသည်။

အခွန်အကောက်သစ်ကို ပြဋ္ဌာန်းရန် ဒေသခံအစိုးရများအတွက် နည်းလမ်းတစ်ခုသာရှိသည်။ ဒေသဆိုင်ရာအစိုးရများသည် ကိုလိုနီနယ်များက ရွေးချယ်သောပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ သို့သော်လည်း ပါလီမန်လွှတ်တော်မှာမူ မိုင် (၃၀၀၀)အကွာတွင် ရှိနေသည်။ ထိုပါလီမန်တွင် ကိုလိုနီနယ်သားများ ဘာသြဇာမှ မရှိချေ။ ပါလီမန်လွှတ်တော်အမတ်တစ်ဦးတစ်ယောက်မျှကိုလည်း

ရွေးချယ်ခံရခြင်း မရှိချေ။ လွှတ်တော်အမတ်များကိုလည်း မဲပေး ထုတ်ပယ်ခွင့်မရှိချေ။

အတ္တလန်တစ်သမုဒ္ဒရာ၏ တစ်ဖက်ကမ်းမှာရှိသော ဘုရင်နှင့် ပါလီမန်တို့အတွက် မျှတပါသည်ဆိုခြင်းသည် အမေရိကရှိ ကိုလိုနီ နယ်သားများအတွက် လုံးဝမျှတမှုမရှိခြင်းပင်ဖြစ်သည်။




တံဆိပ်ခေါင်းဥပဒေနှင့်ပတ်သက်၍ ဗျော့ဝါရှင်တန် ဘယ်ဖက်ကရပ်တည်မည်နည်း။

သူက ထိုဥပဒေကို မှားသည်ဟု ယူဆသည်။ သို့သော်လည်း ကန့်ကွက်ဆန္ဒပြမှုတွင် သူမပါဝင်ခဲ့ချေ။

(၁၇၆၆)ခုနှစ်တွင် တံဆိပ်ခေါင်းခွန်ဥပဒေကို ပါလီမန်က ရပ်ဆိုင်းခဲ့ရသည်။ အဘယ့်ကြောင့်ဆိုသော် ဒေါသထွက်နေကြသော ကိုလိုနီနယ်သားများက ဗြိတိသျှကုန်ပစ္စည်းများကို ဝယ်ယူခြင်းမပြု တော့သောကြောင့် ဖြစ်သည်။ နောက်တစ်နှစ်မှာပင် ဗြိတိသျှပါလီမန်

က စက္ကူ၊ အိမ်သုတ်ဆေး၊ မှန်၊ ခဲသတ္တုနှင့် လက်ဖက်ခြောက်ပစ္စည်းများအပေါ် အခွန်စည်းကြပ်၍ ကိုလိုနီနယ်သားများကို အတင်းအကျပ် ပေးဆောင်စေသည်။ ထိုပစ္စည်းများအားလုံးကို အင်္ဂလန်မှ တင်သွင်းရသည်။




ယခုတစ်ဖန် အမေရိကတွင် ဆန္ဒကျင်ကန့်ကွက်ပွဲများကြောင့် လက်ဖက်ခြောက်မှလွဲ၍ ကျန်ပစ္စည်းများအပေါ် အခွန်စည်းကြပ်မှုကို ရုပ်ပစ်ခဲ့ရသည်။

လက်ဖက်ခြောက်အပေါ် အခွန်ကောက်ခံမှုသည် အရေးကြီးသည်ဟု မထင်ရပေ။ သို့သော်လည်း လက်ဖက်ရည်သည် ကိုလိုနီနယ်များတွင် အလွန်လူကြိုက်များသောပစ္စည်း ဖြစ်သည်။ တစ်ခါတစ်ရံ လူများက တစ်ရက်လျှင် လက်ဖက်ရည် (၁၅)ခွက်ခန့် သောက်တတ်ကြသည်။ လက်ဖက်ခြောက်အပေါ် အခွန်စည်းကြပ်မှုကြောင့် ဂျော့ဝါရှင်တန်အပါအဝင် လူတိုင်းကို ဒေါသဖြစ်စေခဲ့သည်။ လက်ဖက်ခြောက်အပေါ် အခွန်ပေးဆောင်မည့်အစား ဂျော့က ကော်ဖီကို ပြောင်းသောက်သည်။

နောက်ဆုံးပေါ် အခွန်စည်းကြပ်မှုကြောင့် ဂျော့သည် အင်္ဂလိပ်တို့လက်အောက်ခံနယ်သားအဖြစ်မှ သူ၏ခံစားချက်ကို ပြောင်းလဲခဲ့သည်။ ကိုလိုနီနယ်များကို ပါလီမန်၏ ထိန်းချုပ်မှုသည် တရားမျှတမှုမရှိဟု ယူဆခဲ့သည်။ ထိန်းချုပ်မှုရပ်ဆိုင်းရမည်။ ကိုလိုနီနယ်သားများသည် သူတို့အခွင့်အရေးကို ကာကွယ်ရန် လက်နက်ကို အသုံးပြုဖို့ မတွန့်ဆိုင်းသင့်ကြောင်း ဂျော့က သူ့သူငယ်ချင်းတစ်ယောက်ထံ စာရေးသားခဲ့သည်။

အခွန်စည်းကြပ်မှု လှိုင်းဂယက်မတိုင်မီက ကိုလိုနီနယ်များသည် တစ်နယ်နှင့်တစ်နယ် ညီညွတ်စုစည်းမှု အနည်းငယ်သာရှိသည်။ ကိုလိုနီနယ်တစ်ခုစီက သူတို့ကိုယ်ပိုင်သီးခြားနယ်မြေအဖြစ်နှင့် ကိုယ်ပိုင်အကျိုးစီးပွားသည်လည်း တစ်သီးတစ်ခြားဟု ယူဆခဲ့ကြသည်။

ယခုသော် အခွန်စည်းကြပ်မှုအပေါ် ဒေါသဖြစ်မှုက ကိုလိုနီနယ်များကို စုစည်းပေးခဲ့ပြီး သူတို့ကို ညီညွတ်စေခဲ့သည်။ ဘော့စတွန်မြို့တွင် လက်ဖက်ရည်ပါတီပြဿနာဖြစ်ပြီးနောက် အင်္ဂလန်က ဘော့စတွန်မြို့ရှိ လူများကို နှိပ်ကွပ်ခဲ့သည်။ ဆိပ်ကမ်းကို ပိတ်လိုက်ပြီး ဒေသအစိုးရကိုလည်း ပိတ်ပင်ခဲ့သည်။ ဗြိတိသျှစစ်သားများကို စေလွှတ်ခဲ့သည်။ မြို့တွင်းသို့ မည်သည့်လူသုံးကုန်ပစ္စည်းများ မတင်သွင်းရသလို တင်ပို့မှုလည်း မပြုလုပ်ရချေ။ စီးပွားရေးလုပ်ငန်းရပ်ဆိုင်းသွားရသည်။ စားသောက်ကုန်များ ရှားပါးလာသည်။ နိုင်ငံသားများက လက်ဖက်ခြောက်များ ဖျက်ဆီးပစ်မှုအတွက် လျော်ကြေးပေးရန်

ငြင်းဆိုခဲ့ကြသည်။ နောက်ဆုံးတွင် သူတို့အားလုံး သူတို့အခွင့်အရေးများအတွက် ရပ်တည်လာခဲ့ကြသည်။

ဂျော့ဝါရှင်တန်အပါအဝင် အခြားကိုလိုနီနယ်များရှိ လူများကလည်း ဘော့စတွန်ကို ထောက်ခံခဲ့ကြသည်။ ထိုနှစ်နွေရာသီတွင် ဖီလာဒဲလ်ဖီးယား၌ ကိုလိုနီနယ်သားများ အစည်းအဝေးတစ်ရပ် ကျင်းပခဲ့ကြသည်။ ဗာဂျီးနီးယားမှ အစည်းအဝေးတက်ရောက်သူ ခြောက်ဦးထဲတွင် ဂျော့ဝါရှင်တန်လည်း ပါသည်။

ကွန်တီနင်တယ်ကွန်ဂရက် (Continental Congress) ဟုခေါ်သော ထိုအစည်းအဝေးသို့ အမေရိကန်ကိုလိုနီနယ်ပေါင်း (၁၃)ခုအနက် (၁၂)ခုမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ ဂျော်ဂျီယာပြည်နယ်က အစည်းအဝေးမတက်ရန် ဆုံးဖြတ်ခဲ့သည်။ ယခုထက်ထိ မည်သူကမျှ အင်္ဂလန်မှခွဲထွက်ရေးအကြောင်း မပြောကြသေးပေ။ အခြေအနေတိုးတက်ကောင်းမွန်လာမည်ဟု သူတို့မျှော်လင့်ခဲ့ကြသည်။



Independence Hall in Philadelphia

သို့သော်လည်း (၁၇၇၅)ခုနှစ်၊ မေလတွင် ဒုတိယကွန်တီနင်တယ် ကွန်ဂရက် ကျင်းပချိန်တွင်မူ သဘောထားမှာ အကြီးအကျယ် ပြောင်းလဲသွားခဲ့သည်။ မက်ဆာချူးဆက်ပြည်နယ်ရှိ အချို့သောမြို့များတွင် ကိုလိုနီနယ်သားများနှင့် ကုတ်အနီ (အင်္ဂလိပ်စစ်သားများ) တို့သည် တိုက်ပွဲများဖြစ်ပွားနေပေပြီ။ အမေရိကန်များ သေဆုံးခဲ့ကြသည်။ နောက်ပြန်လှည့်စရာလည်း မရှိတော့ချေ။ ကိုလိုနီနယ်သားများက လွတ်လပ်ရေးလိုချင်ကြသည်။




The Battle of Lexington

ဒုတိယကွန်တီနင်တယ်ကွန်ဂရက်က စစ်ပွဲအတွက် ပြင်ဆင်ရန် စတင်ခဲ့သည်။ ဂျော့ဝါရှင်တန်သည် သူ၏အပြာရောင် စစ်ဝတ်စုံဖြင့် ရောက်ရှိလာခဲ့သည်။ ထိုအခါ သူ့အသက်သည် (၄၃)နှစ် အရွယ်ရှိနေပေပြီ။ လွန်ခဲ့သော (၁၅)နှစ်က သူသည် လယ်သမားတစ်ဦးအဖြစ်သာ ရှိခဲ့သည်။ စောစောပိုင်း သူ၏စစ်ပွဲမှတ်တမ်းကို ကြည့်လျှင် ကြီးမားသောစွမ်းဆောင်ရည်မရှိခဲ့ချေ။ သူသည် စစ်မြေပြင်

တိုက်ပွဲတစ်ခုကိုမျှ အောင်မြင်ခဲ့ခြင်းမရှိသလို ကြီးမားသောတပ်မတော်ကြီးကိုလည်း ဦးစီးခဲ့ခြင်းမရှိချေ။



မည်သို့ပင်ဖြစ်စေ (၁၇၇၅)ခုနှစ်၊ ဇွန်လတွင် ကွန်တီနင်တယ်တပ်မတော် (Continental Army) ကိုဦးဆောင်ရန် သူ့ကိုပြောခဲ့သည်။ သူ၏စွမ်းရည်နှင့်ပတ်သက်၍ သံသယဖြစ်နေသော်လည်း သူက ခေါင်းဆောင်မှုကို လက်ခံလိုက်သည်။ သူ၏ပထမဦးဆုံး တုံ့ပြန်မှုမှာ မျက်ရည်ကြီးနှင့်ငိုခဲ့ပြီး အခန်းထဲမှ ပြေးထွက်သွားခဲ့ခြင်းပင် ဖြစ်သည်။




◆ ◆ ◆

**ဘော့စတွန် တီးပါတီ** (Boston Tea Party)

နယူးယောက်နှင့် ဖီလာဒဲလ်ဖီးယားတို့တွင် ဒေါသထွက်နေကြသော လူအုပ်ကြီးက လက်ဖက်ခြောက်ကုန်သေတ္တာများချနေသော ဗြိတိသျှသင်္ဘောများကို ကုန်ပစ္စည်းများမချရန် တားဆီးခဲ့ကြသည်။ (၁၇၇၃)ခုနှစ်၊ ဒီဇင်ဘာလ(၁၆)ရက်နေ့ညတွင် ဘော့စတွန်မှ လူတစ်စုက လှုပ်ရှားခဲ့ကြသည်။ သူတို့သည် လွတ်လပ်မှု၏သားများ (The Sons of Liberty) ဟုခေါ်သော အုပ်စုတစ်စုမှ လူများဖြစ်ကြသည်။ သူတို့သည် မိုဟော့အင်ဒီယန်း (Mohawk Indians) များကဲ့သို့ ဝတ်စားကြပြီး သင်္ဘောသုံးစီးပေါ်သို့ နိုးတက်ကြကာ လက်ဖက်ခြောက်သေတ္တာကြီး (၃၄၂)လုံးကို ဆိပ်ကမ်းမှ ရေထဲသို့ ပစ်ချခဲ့သည်။

ထိုအဖြစ်အပျက်ကို ဘော့စတွန်တီးပါတီဟု သိထားကြသည်။ တတိယမြောက်ဂျော့ဘုရင် ဒေါသထွက်ခဲ့သည်။ ကိုလိုနီနယ်သားများသည် ၎င်းလက်ဖက်ခြောက်များအတွက် ပေးလျော်ရမည်၊ သူတို့ကို အပြစ်ပေးရမည်ဟု ဆုံးဖြတ်ခဲ့သည်။



## အခန်း—(၆)

## ညတာရှိ ဗိုလ်ချုပ်ကြီးဖြစ်လာသည့် ဝါရှင်တန်




အမေရိကန်လွတ်လပ်ရေးစစ်ပွဲသည် (၁၇၇၅)ခုနှစ်မှ (၁၇၈၃)ခုနှစ်အထိ ကြာမြင့်ခဲ့သည်။ တကယ်တော့ စစ်ပွဲမည်ကဲ့သို့ ပြီးဆုံးသွားခဲ့သည်ကို လူတိုင်းသိသည်။ ကိုလိုနီနယ်သားများ စစ်ပွဲအနိုင်ရခဲ့ကြသည်။ သို့သော်လည်း စစ်ပွဲဖြစ်ပွားနေချိန်ကာလအတွင်း မည်ကဲ့သို့ရလဒ်ဖြစ်ပေါ်လာမည်ဆိုသည်ကိုမူ မည်သူမျှမသိခဲ့ကြပေ။ တကယ်တော့ အင်္ဂလန်နှင့် ဆန့်ကျင့်တိုက်ခိုက်ရာတွင် ကိုလိုနီနယ်သားများ၌ အခွင့်အလမ်းအလွန်နည်းပါးသကဲ့သို့ ထင်ရသည်။

ဝါရှင်တန်ဦးဆောင်သော ကွန်တီနင်တယ်တပ်မတော်သည် အလေ့အကျင့်မရှိဘဲ စစ်ပွဲသို့ဝင်ခဲ့ကြခြင်း ဖြစ်သည်။ စစ်သားများ သည် လူငယ်များဖြစ်ကြပြီး ဆင်းရဲ၍ ပညာမတတ်သူများဖြစ်ကြ သည်။ အခြားရွေးချယ်စရာလမ်းနည်းပါး၍ လုပ်ခလစာလိုချင်ကြ သောကြောင့် အများစုမှာ စစ်ထဲဝင်ကြခြင်း ဖြစ်သည်။

စစ်သားအရေအတွက်မှာလည်း မည်သည့်အခါမှ လုံလုံ လောက်လောက်မရခဲ့ချေ။ သူတို့နေရသည့်အခြေအနေများကလည်း ဆိုးဝါးလှသည်။ (လက်တွေ့တွင် အမေရိကန်စစ်သားအများစုသည် စစ်ပွဲတွင် ဒဏ်ရာရ၍ သေဆုံးရမှုထက် ရေကျောက်နှင့် အခြားရောဂါ များရရှိပြီး သေဆုံးရမှုက ပိုများသည်။)



Continental Soldiers

အမြဲတမ်းဆိုသလိုပင် ခဲယမ်းမီးကျောက် သို့မဟုတ် စားစရာဝတ်စရာအဝတ်များကလည်း လုံလောက်စွာမရရှိချေ။ စစ်သားများသည် လပေါင်းများစွာ လစာမရဘဲ နေခဲ့ရသည်။ စစ်ပွဲသည် တစ်နှစ်ပြီးတစ်နှစ် ရှည်ကြာလာသည်နှင့်အမျှ စစ်တပ်၏လိုအပ်ချက်များအတွက် ငွေကြေးရရှိရန် ပို၍ပို၍ ခက်ခဲလာကြောင်း ဝါရှင်တန်သိလာရသည်။

ဗြိတိသျှဗိုလ်ချုပ်ကြီးများနှင့် နှိုင်းယှဉ်ပါက ဂျော့ဝါရှင်တန်၌ စစ်ပွဲတိုက်ခိုက်မှုနှင့်ပတ်သက်၍ အနည်းငယ်မျှသာ သိထားသည်။ (သူ့စစ်တပ်ကို ဦးစီးခေါင်းဆောင်မှုမယူမီက ဂျော့ဝါရှင်တန်သည် စစ်နည်းဗျူဟာနှင့်ပတ်သက်သည့် စာအုပ်ငါးအုပ်ကို ဝယ်ယူခဲ့သည်။) တကယ်တော့ သူပါဝင်တိုက်ခိုက်ခဲ့သည့် စစ်ပွဲကိုးပွဲတွင် သူသည် သုံးပွဲသာ အနိုင်ရခဲ့သည်။



သူရင်ဆိုင်ရသောရန်သူမှာ စွမ်းအားကြီးမားလှသော ဗြိတိသျှ တပ်မတော်ဖြစ်သည်။ ဗြိတိသျှစစ်တပ်သည် ကမ္ဘာပေါ်တွင် အကြီးမားဆုံးနှင့် အကောင်းဆုံးလေ့ကျင့်ထားသော စစ်တပ်ဖြစ်သည်။ ဗြိတိသျှရေတပ်သည် ပင်လယ်ပြင်ကိုလည်း ပိုင်စိုးထားသည်။ ဗြိတိသျှ ကြည်းတပ်နှင့် ရေတပ်ဗိုလ်ချုပ်ကြီးများသည် ရဲစွမ်းသတ္တိရှိပြီး စစ်ပွဲ အတွေ့အကြုံရှိသူများ ဖြစ်သည်။

ထို့ကြောင့် တစ်ဖက်စီးနင်းဖြစ်နေမှုတွင် အမေရိကန်စစ်တပ်က မည်ကဲ့သို့အောင်မြင်နိုင်ပါမည်နည်း။

ဖြစ်နိုင်သည့်အကြောင်းရင်းတစ်ခုမှာ အမေရိကန်များ ကြံ့ကြံ့ခံ၍နေခဲ့ခြင်း ဖြစ်သည်။ ကွန်တီနင်တယ်တပ်မတော်သည် စစ်ပွဲတွင် ရေရှည်ဆွဲထားနိုင်သည်နှင့်အမျှ တစ်ချိန်ချိန်တွင် ဗြိတိသျှ စစ်တပ်က လက်လျှော့သွားလိမ့်မည်ဟု ထင်ရသည်။ အတော်အသင့် ဆိုပါက အမေရိကန်များ အနိုင်ရစရာလမ်းမရှိချေ။ သူတို့အရှုံးမခံ နိုင်ကြပေ။


George leads a retreat.

အချိန်ကြာလာသည်နှင့်အမျှ ဝါရှင်တန်သည် ပို၍လိမ္မာပါးနပ်သော ဗိုလ်ချုပ်ကြီးတစ်ဦး ဖြစ်လာခဲ့သည်။ ရန်သူကို လျှပ်တစ်ပြက် အချိန်တိုအလစ်ဝင်တိုက်ခြင်းသည် ကြီးမားလှသည့် တိုက်ပွဲကို ရင်ဆိုင်ခြင်းထက် ပို၍သင့်လျော်ကြောင်း ဝါရှင်တန်သိလာသည်။ လူကြီးလူကောင်းပီသစွာဖြင့် တိုက်ခိုက်သည့်နည်းလမ်းဟုယူဆ၍ မရချေ။ သူ့ဘဝတစ်လျှောက်လုံး ဝါရှင်တန်သည် သူ၏ပုံရိပ်နှင့် ပတ်သက်၍ စိုးရိမ်ပူပန်ရမှုရှိခဲ့သည်။ သို့သော် လျှပ်တစ်ပြက်တိုက်ခိုက်မှုသည် အကျိုးသက်ရောက်မှု ရှိခဲ့သည်။






A Surprise Attack Near Princeton

ကွန်တီနင်တယ်တပ်မတော်သည် အရေးတော်ပုံအတွက် တိုက်ခိုက်နေခြင်း ဖြစ်သည်။ အမေရိကန်များ လွတ်လပ်ရေးလိုချင်ကြသည်။ ယင်းအတွက် အသေခံရန်စိတ်ဆန္ဒရှိကြသည်။ အမေရိကန်များသည် မိမိတို့နယ်မြေအတွင်းတိုက်ခိုက်နေကြခြင်း ဖြစ်သည်။ တစ်ဖက်မှာမူ ဗြိတိသျှစစ်သားများသည် ၎င်းတို့ဒေသမှ မိုင်ပေါင်း (၃၀၀၀)ဝေးကွာသည့် ခြေဖြားမြေခြားနေရာတွင် လာရောက်တိုက်ခိုက်နေကြခြင်းဖြစ်သည်။ သူတို့တိုက်ပွဲဝင်နေကြခြင်းမှာ သူတို့၏အလုပ်သဘောကြောင့် ဖြစ်သည်။

(၁၇၇၈)ခုနှစ်တွင် အမေရိကန်များကိုကူညီရန် ပြင်သစ်ကဆုံးဖြတ်ခဲ့သည်။ ဗြိတိန်သည် တကယ်တော့ ပြင်သစ်၏ကမ္ဘာ့ရန်သူဖြစ်သည်။ ပြင်သစ်သည် ငွေကြေးနှင့် သင်္ဘောအကူအညီများအပြင်

စစ်သည်များကိုပါ ပေးပို့ကူညီခဲ့သည်။ ယင်းစစ်သားများထဲတွင် မာကွိစ်ဒေလာဖေယက် (Marquis de Lafayette) ဆိုသော ရဲရင့်သည့်လူငယ်မျိုးနိုးကောင်းတစ်ဦးလည်း ပါဝင်သည်။ သူသည် ဂျော့ဝါရှင်တန်နှင့် အရင်းနှီးဆုံး၊ ယုံကြည်စိတ်ချရဆုံး လက်ထောက်တစ်ဦး ဖြစ်လာခဲ့သည်။ သူသည် ဂျော့ဝါရှင်တန်၏ သားတစ်ယောက်လိုပင် ဖြစ်ခဲ့သည်။




(၁၇၇၈)ခုနှစ်တွင် ပင်ဆီဗေးနီးယားပြည်နယ်၊ ဗယ်လေဖော့ခ်ျ (Valley Forge) အရပ်ရှိ တပ်မတော်၏တပ်စုတစ်စုသို့ လူတစ်ယောက် ရောက်လာခဲ့သည်။ သူသည် ဂျာမန်ဗိုလ်ချုပ်ကြီးတစ်ယောက်ဖြစ်ခဲ့ကြောင်းပြောပြီး သူ့နာမည်မှာ ဗာရွန်ဖွန်စတွိုင်ဘင် (Baron von Steuben) ဟုခေါ်သည်။ သူသည် ဗိုလ်ချုပ်ကြီးမဟုတ်သလို ဗာရွန် (မြို့စား) (baron) တစ်ဦးလည်းမဟုတ်ချေ။ သူသည် (၁၆)နှစ်အရွယ်ကတည်းက စစ်သားတစ်ဦးဖြစ်ခဲ့ပြီး စစ်သားများကို မည်ကဲ့သို့ လေ့ကျင့်ပေးရမည်ဆိုသည့်အကြောင်း အားလုံးသိထားသည်။

ဖွန်စတျူဘင်က ဝါရှင်တန်၏လူများကို တပ်ဖွဲ့လိုက် အလုပ်လုပ်တတ်စေရန် သင်ပေးခဲ့သည်။ ကြောက်လန့်စိုးရိမ်နေပါစေ၊ မိမိသူငယ်ချင်းများ ကျဆုံးနေပါစေ တိုက်ပွဲကို ဆက်လက်တိုက်ခိုက်ကြရန် စစ်သည်များကို သူကသင်ကြားပေးခဲ့သည်။ ဘာရွန်ကြောင့် ကွန်တီနင်တယ်တပ်မတော်သည် ပို၍ပီပြင်သော စစ်တပ်ဖြစ်လာခဲ့သည်။ စစ်ပွဲအောင်မြင်ရန် အထောက်အကူဖြစ်ခဲ့သည်။



အခြားအရာများထက်ပို၍ အရေးပါဆုံးဖြစ်နိုင်လောက်သည့် အချက်မှာ ဂျော့ဝါရှင်တန်သည် စစ်ပွဲအောင်နိုင်ခဲ့မှု အရင်းခံအကြောင်းတရားတစ်ခု ဖြစ်နေသည်။ ရှုံးနိမ့်မှုကြုံတွေ့ရစေကာမူ သာမန်စစ်သည်များသည် သူ့အပေါ်တွင် ယုံကြည်မှုရှိခဲ့ကြသည်။ ရှည်လျားလှသော စစ်ပွဲကာလအတွင်း ဗြိတိသျှတပ်မှူး ဗိုလ်ချုပ်ကြီးလေးဦး အပြောင်းအလဲလုပ်ခဲ့ကြသည်။ အမေရိကန်များအတွက်မူ ဝါရှင်တန် တစ်ဦးတည်းသာ ရှိသည်။

အားလုံးကမူ သူ့ကို ဂုဏ်သရေရှိသဲအမတ်ကြီးတစ်ဦးကဲ့သို့ သိထားကြသည်။ သူသည် အေးဆေးတည်ငြိမ်ပြီး ခပ်တည်တည်နေတတ်၍ သူ၏ စစ်သည်များနှင့်လည်း ရင်းရင်းနှီးနှီး အကျွမ်းဝင်မှု မရှိခဲ့ချေ။ သူတို့နှင့် ရယ်စရာမောစရာလည်း မပြောခဲ့ချေ။ သို့သော်လည်း သူသည် စစ်သည်များကို အမြဲတမ်းလေးလေးစားစား ဆက်ဆံသည်။ သူသည် မွေးရာပါ ခေါင်းဆောင်တစ်ဦးဖြစ်ခဲ့ပြီး သူ့လူများကလည်း သူ့အပေါ် အလွန်သစ္စာရှိခဲ့ကြသည်။

တစ်ခါတစ်ရံတွင် ဂျော့ဝါရှင်တန်သည် စူပါလူသားတစ်ဦး လောက်နီးပါးကဲ့သို့ တင်ခဲ့ရသည်။ သူသည် ကြောက်လန့်တုန်လှုပ်သည့် အမူအယာ တစ်ခါမျှမပြခဲ့ချေ။ စစ်ပွဲ၏ထိတ်လန့်တုန်လှုပ်ဖွယ်ရာများက သူ၏ကျန်းမာရေး သို့မဟုတ် တည်ငြိမ်မှုကို မည်သည့်အခါကမျှ ထိခိုက်မှုမရှိခဲ့ချေ။

အမှန်တော့ ဖိအားပေးမှုများ အများအပြားရှိခဲ့သည်။ လူတွေ၏ အသက်များ သူ့လက်ထဲတွင်ရှိသည်မှာ စစ်မြေပြင်တွင် သာမကပေ။ ဝါရှင်တန်အတွက် အဆုံးမရှိသော ပြဿနာတစ်ရပ်မှာ သူ့လူများကို အဆင်ပြေအောင် အဝတ်အစားနှင့် စားနပ်ရိက္ခာ မထောက်ပံ့ပေးနိုင်ခြင်းပင် ဖြစ်သည်။ ဖီလာဒဲလ်ဖီးယားတွင်ရှိသော ကွန်ဂရက်လွှတ်တော်တွင်လည်း ငွေကြေးထောက်ပံ့ရန်နှင့် စစ်အင်အားဖြည့်တင်းပေးရန် ပြဋ္ဌာန်းအာဏာမရှိချေ။ ရှည်ကြာလှသော စစ်ပွဲ ဖြစ်လာသည့်အတွက် ငွေကြေးထောက်ပံ့ရန် ကိုလိုနီနယ်များရှိ ဒေသ

ဆိုင်ရာအစိုးရများကလည်း အခွန်များကို တိုးမြှင့်ကောက်ခံလိုစိတ် မရှိကြချေ။





A British Tax Stamp

ဝါရှင်တန်သည် ပို၍ကြီးမားသော အခြေအနေကို မြင်ခဲ့သည်။ ထိုစစ်ပွဲသည် လွတ်လပ်ရေးအတွက် စစ်ပွဲတစ်ခုဖြစ်သည်။ သို့သော်လည်း အကယ်၍ ကိုလိုနီနယ်များက အင်္ဂလန်ထံမှ လွတ်လပ်ရေးရရှိခဲ့လျှင် နောက်ပိုင်းဘာဖြစ်သွားမည်နည်း။ ဤအရာနှင့် ပတ်သက်၍ ဝါရှင်တန်သည် များစွာစဉ်းစားခဲ့သည်။ အကယ်၍ နိုင်ငံတစ်ခုမွေးဖွားလာပါက ထိုနိုင်ငံတွင် ခိုင်မာသောဗဟိုအစိုးရ တစ်ဖွဲ့ရှိရမည်ဟု သူယုံကြည်လာသည်။ သူ၏တပ်မတော်တွင် ပြဏ အာဏာရှိသော တပ်မှူးတစ်ယောက်လိုအပ်သကဲ့သို့ ကိုလိုနီနယ် အသီးသီးဖြင့် ဖွဲ့စည်းထားသော နိုင်ငံသစ်တစ်ခုတွင်လည်း ခိုင်မာ သောခေါင်းဆောင်တစ်ဦး လိုအပ်မည်ဟု ဝါရှင်တန်က ယုံကြည်ခဲ့ သည်။ ဤခေါင်းဆောင်သည် ဘုရင်တစ်ပါးမဟုတ်ဘဲ ရွေးချယ်တင် မြှောက်ခံရသော ခေါင်းဆောင်ဖြစ်ရပေမည်။

◆ ◆ ◆

## အခန်း-(၇)
## အခက်ခဲပေါင်းစုံ ကြုံတွေ့ရသည့်ကာလ

စစ်ကာလတွင် တိုက်ပွဲအများစုသည် နယူးယောက်၊ နယူးဂျာစီနှင့် ပင်ဆီဗေးနီးယားပြည်နယ်တို့၌ ဖြစ်ပွားခဲ့သည်။ (၁၇၇၈) ခုနှစ်၊ ဆောင်းဦးရာသီနှောင်းပိုင်းကာလတွင် ကွန်တီနင်တယ်တပ်မတော်သည် နယူးယောက်ပြည်နယ်၊ ဆာရာတိုဂါ၌ အရေးပါသော အောင်မြင်မှုကို ရခဲ့သည်။ သတင်းကောင်းကိုကြားသိရပြီးနောက် ဂျော့ဝါရှင်တန်သည် သူ့စစ်သားတစ်သောင်းကို ဦးဆောင်ပြီး ပင်ဆီဗေးနီးယားရှိ အနောက်ဘက်ဒေသသို့ ချီတက်ခဲ့သည်။ စစ်ပွဲများ ပြန်လည်စတင်မည့် နွေဦးရာသီတိုင်အောင်ပင် သူတို့သည် တဲစခန်းများတည်ဆောက်ခဲ့ကြသည်။ ဗယ်လေဖော့ချ်ဟုခေါ်သော နေရာကို စခန်းချရန် သူက ရွေးချယ်ခဲ့သည်။ ဤနေရာမှနေ၍

ခုခံရန် လွယ်ကူသည်။ သူလျှိုများကလည်း ဖီလာဒဲလ်ဖီးယားအနီး အနားတွင်ရှိသော ဗြိတိသျှစစ်တပ်များကို မျက်ခြည်မပြတ်စောင့် ကြည့်နိုင်သည်။

The British Surrender at Saratoga



ဗယ်လေဖော့ချ်တွင် လနှင့်ချီ၍ကြာခြင်းသည် စစ်သည်များ အတွက် အနားယူရန်နှင့် အားပြန်မွေးရန် အချိန်ရခဲ့ကြသည်။ သို့သော်လည်း ရာသီဥတုမှာ ဆိုးဆိုးရွားရွားအေးလာခဲ့သည်။ စစ်သား များဆောက်လုပ်ခဲ့သည့် တဲစခန်းများတွင် အပူဓာတ်မရခဲ့ချေ။ (နှင်းများကြောင့် သစ်သားများအလွန်စိုထိုင်း၍ မီးမရှို့နိုင်ပေ)

ကွန်တီနင်တယ်ကွန်ဂရက်သို့ ပေးပို့သောစာများတွင် ဝါရှင် တန်က အကူအညီများ မပြတ်တောင်းခံခဲ့သည်။ ယူနီဖောင်းဝတ်စုံ များ၊ အစားအသောက်များနှင့် ရှူးဖိနပ်များကို သူတို့လိုအပ်နေသည်။ တအီအီ တကျီကျီ မကျေမနပ်ပြောနေမှုရပ်ပစ်ရန် ဝါရှင်တန်ကို ပြောခဲ့သည်။

စစ်သည်များအတွက် ဘယ်လောက်များ ဆိုးဝါးခဲ့သနည်း။

များစွာသော စစ်သည်များ၏ အဝတ်အစားများမှာ စုတ်ပြတ်နေကြသည်။ အချို့မှာ အဝတ်အစားပင်မရှိချေ။ စုတ်ဖွာနေသော စောင်များကို ခြုံထားရသည်။ တစ်ခါတလေတွင် စစ်သည်တစ်ဦးသည် တာဝန်ထမ်းရန်အတွက် အခြားတစ်ယောက်ထံမှ ယူနီဖောင်းအစုတ်တစ်ထည်ကို ငှားဝတ်ကြရသည်။ ရှူးဖိနပ်ရှိသော အရာရှိများကလည်း ခြေထောက်ကို နှင်းမကိုက်စေရန် ဖိနပ်အတွင်းသို့ ဝီစကီအရက်များ လောင်းထည့်ကြရသည်။ သာမန်ရိုးရိုးစစ်သားများမှာမူ တစ်ခါတစ်ရံ ဖိနပ်မပါခြေဗလာဖြင့် သွားကြရသည်။ သူတို့ခြေထောက်မှသွေးများ နှင်းထဲကျနေသည်ကိုမြင်ရကြောင်း ဝါရှင်တန်သိခဲ့ရသည်။ အချို့စစ်သားများ၏ အေးခဲသွားသော ခြေထောက်များမှာ ညိုပုပ်လာပြီး ဖြတ်တောက်ပစ်ကြရသည်။



မြင်းများအတွက်လည်း အစာမရှိချေ။ မြင်းများလဲကျသေဆုံးကုန်သည်။ စစ်သည်များအတွက်လည်း စားစရာအလုံအလောက်မရှိချေ။ စစ်သည်များသည် အသားတုံးတစ်တုံးကိုပင် မကိုက်ရဘဲဖြတ်သန်းခဲ့ရသော နေ့ရက်များရှိသည်။ အစာငတ်မွတ်လုနီးပါးရှိခဲ့ကြသည်။

မာသာသည် အမြဲတမ်းလိုပင် ဆောင်းရာသီစခန်း၌ သူ့ခင်ပွန်းနှင့်အတူနေထိုင်ရန် ရောက်ရှိလာသည်။ လူတိုင်းက သူ့ကို လေဒီဝါရှင်တန်ဟု ခေါ်ကြသည်။ မာသာသည် သွေးမြင်ရလျှင် မနေနိုင်မထိုင်နိုင်ဖြစ်ပြီး သေနတ်သံကြားရလျှင် အထိတ်တလန့်ဖြစ်တတ်ကြောင်း ပြောသံကြားရသည်။ သို့ဖြစ်စေကာမူ ထိုနေရာ၌ သူရှိနေခြင်းသည် သူ၏ခင်ပွန်း ဝါရှင်တန်နှင့် စစ်သည်များအတွက် များစွာအဓိပ္ပါယ်ရှိကြောင်း သူသိသည်။ ဗယ်လေဖော့ချ်တွင် မာသာသည် နာမကျန်းဖြစ်သူများကို ဂရုတစိုက်စောင့်ရှောက်ပေးပြီး လက်ဆောင်များဝေငှပေးခဲ့သည်။ သို့ဖြစ်စေကာမူ စစ်သည်လေးပုံတစ်ပုံ (၂၅၀၀) ခန့်သည် ရောဂါကြောင့် သေဆုံးခဲ့ရသည်။

ပို၍ပင်ဆိုးဝါးလှသောအရာမှာ ဗယ်လေဖော့ချ်တွင် ဒုက္ခခံစားရမှုများသည် မလိုလားအပ်သောအခြေအနေများ ဖြစ်ခဲ့သည်။ ပင်ဆီဗေးနီးယားရှိ လယ်သမားများသည် မကြာသေးမီကပင် သီးနှံများ ရိတ်သိမ်းခဲ့ကြသည်။ ထိုနှစ်ကား သီးနှံအထွက်ကောင်းသောနှစ်ဖြစ်သည်။ သူတို့အနေနှင့် စစ်သည်များကို စားနပ်ရိက္ခာနှင့်

အဝတ်အစားများ ထောက်ပံ့ပေးမည်ဆိုလျှင် ပေးနိုင်သည်။ သို့သော်လည်း ပိုမိုအမြတ်အစွန်းများရရှိရန် ဗြိတိသျှတို့ကို ရောင်းချခဲ့သည်။

ဗယ်လေဖော့ချ်၌ ထိတ်လန့်စရာဖြစ်နေချိန်တွင် နောက်တစ်နှစ်အကြာ မောရစ်တောင်း (Morristown) ရှိ ဆောင်းရာသီစခန်း၏ အခြေအနေများမှာလည်း ပို၍ဆိုးဝါးလာခဲ့သည်။ စစ်သားများထွက်ပြေးကြသည်။ ဖျားနာသောစစ်သားများ အများအပြားသည်လည်း သေလုမျောပါးဖြစ်နေကြသည်။ ဝါရှင်တန်၏တပ်မတော်ကြီးသည်လည်း လူအင်အား (၈၀၀၀)ခန့်သို့ ကျဆင်းသွားပြီး ၎င်းတို့အနက် တိုက်ပွဲဝင်နိုင်သည့် စစ်သားဦးရေမှာ (၃၀၀၀)သာရှိသည်။

ထိုနှစ်နွေရာသီတွင် သတင်းဆိုးများပို၍ ကြားလာရသည်။ တောင်ကာရိုလိုင်းနားရှိ ချာလက်စ်တန်မြို့ (Charleston)သည် ဗြိတိသျှတပ်များလက်သို့ ကျသွားသည်။ ထို့နောက်တွင် ဂျော်ဂျီယာပြည်နယ် ဆာဗန်နား (Savannah)၌ အမေရိကန်တို့ ရှုံးနိမ့်ခဲ့သည်။ ထို့နောက် ဆောင်းဦးရာသီတွင် ရဲရင့်သော ယုံကြည်စိတ်ချရသည့် ဗိုလ်ချုပ်ကြီးတစ်ဦးဖြစ်သည့် ဘင်နီဒစ်အာနိုလ် (Benedict Arnold) သည် ဗြိတိသျှတို့ဘက်သို့ ကူးပြောင်းခဲ့သည်။ (အာနိုလ်သည် ငွေမက်၍ ထိုကဲ့သို့ ဘက်ပြောင်းခဲ့ခြင်းဖြစ်သည်။) ၎င်းကို အမေရိကန်သမိုင်းတွင် အဆိုးဝါးဆုံးသစ္စာဖောက်တစ်ဦးအဖြစ် ယနေ့တိုင်ယူဆထားကြသည်။

◆ ◆ ◆




**တိုရီများ** (Tories)

လွန်ခဲ့သောနှစ်ပေါင်းများစွာက အချိန်ကို ပြန်ပြောင်း ကြည့်ရှုပါက ကိုလိုနီနယ်များရှိ လူတိုင်းသည် အတူတကွ တိုက်ပွဲဝင်နေကြပြီး သူတို့အားလုံး တစ်ခုတည်းသော ရည်မှန်းချက်အပေါ် ယုံကြည်ထားကြကြောင်း အလွယ် တကူစဉ်းစားမိပေလိမ့်မည်။ သို့သော်လည်း ဤအတိုင်း ဖြစ်မလာခဲ့ပါ။ အမေရိကန်အားလုံးသည် (The Spirit of 76) စိတ်ဓာတ်မျိုးခံယူထားခဲ့ကြခြင်း မရှိခဲ့ချေ။

ကိုလိုနီနယ်သားသုံးပုံတစ်ပုံသည် လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်လိုကြပြီး သုံးပုံတစ်ပုံမှာမူ ဗြိတိသျှတို့ လက်အောက်တွင် ဆက်လက်နေထိုင်လိုသူများ (ယင်း ကိုလိုနီနယ်သားများကို တိုရီဟုခေါ်သည်) ကျန်သုံးပုံ တစ်ပုံမှာ ဘယ်လိုပဲဖြစ်ဖြစ် ဂရုမစိုက်ကြသူများဖြစ်ကြ ကြောင်း အမေရိကန်၏ ဒုတိယမြောက်သမ္မတဖြစ်လာ သော ဂျွန်အဒမ် (John Adams) က ခန့်မှန်းပြောဆိုခဲ့ဖူး သည်။

စစ်ပွဲကာလအတွင်း တိုရီအတော်များများသည် သစ္စာဖောက် အဖြစ် သတ်မှတ်ခံရသည်။ တစ်ခါတစ်ရံတွင် သူတို့ကို ကတ္တရာလောင်းပြီး ငှက်မွေးတပ်ခဲ့ကြသည်။ ကတ္တရာအပူများကို ကိုယ်ပေါ်လောင်းချပြီး အဖြူရောင် ငှက်မွေးများဖြင့် ဖုံးအုပ်ကာ တန်းပေါ်တင်၍ မြို့ထဲမှ ဖယ်ရှားပစ်ကြသည်။

စစ်ကြီးပြီးဆုံးသွားပြီးနောက် တိုရီအများစုသည် ကနေဒါ နိုင်ငံဘက်သို့လည်းကောင်း သို့မဟုတ် အင်္ဂလန်သို့လည်းကောင်း ပြန်သွားခဲ့ကြသည်။



## အခန်း−(၈)
## အောင်ပွဲခံနိုင်ကြပြီ



George Washington,
Age 55

(၁၇၈၁)ခုနှစ်၊ ဗွေဦးရာသီ၌ ကွန်တီနင်တယ်တပ်မတော်သည် ဖရိုဖရဲဖြစ်နေခဲ့စေကာမူ နောက် (၇)လအကြာတွင် စစ်ပွဲသည် ပြီးဆုံးသွားခဲ့သည်။

တိုက်ပွဲတစ်ပွဲက အရာအားလုံးပြောင်းလဲခဲ့သည်။

ဗြိတိသျှတို့သိမ်းပိုက်ခဲ့သော နယူးယောက်စီးတီးကို ပြန်လည် သိမ်းယူနိုင်ရေးအတွက် ဝါရှင်တန်သည် ကာလအတန်ကြာ စိတ်ကူး ခဲ့သည်။ ဝါရှင်တန်သည် ကြီးမားသောအောင်မြင်မှုကို အလွန်အမင်း လိုချင်ခဲ့သည်။ သို့သော်လည်း သူသည် အမြော်အမြင်ရှိစွာပင် တောင်ပိုင်းနှင့် ဗာဂျီးနီးယားတို့၌ အောင်မြင်မှုရရေး အာရုံစိုက် တော့သည်။

ဗြိတိသျှတို့၏တပ်မှူး ဗိုလ်ချုပ်ကြီး လော့ဒ်ချားစ်ကွန်းဝေါလစ် (Lord Charles Cornwaills) သည် မကြာသေးမီကပင် သူ၏တပ် မတော်တစ်ခုလုံးကို ဗာဂျီးနီးယားရှိ ယော့တောင်း (Yorktown) သို့ ပြောင်းရွှေ့ခဲ့သည်။ ထိုနေရာသည် ကျွန်းဆွယ်အသွင်ဖြစ်နေသည်။ ဆိုလိုရင်းမှာ သူ၏တပ်မတော်သည် ရေကြောင်းမှ သုံးဖက်သုံးတန် ဝိုင်းပတ်ခံနေရခြင်းပင် ဖြစ်သည်။


အမေရိကန်သင်္ဘောများက ပင်လယ်ဘက်သို့ ဦးတည်ခုတ် မောင်းနေချိန်တွင် ပြင်သစ်ရေတပ်အုပ်စုတစ်စုကလည်း သူတို့နှင့် ပူးပေါင်းလာခဲ့သည်။ ပြင်သစ်စစ်သားများနှင့် ကျွန်းဆွယ်ထိပ်စွန်း တွင် တပ်များပူးပေါင်းအင်အားဖြည့်ရန် ဝါရှင်တန်က စစ်သည်နှစ် ထောင်ကို ပို့လွှတ်ခဲ့သည်။ စုစုပေါင်းဝါရှင်တန်တွင် တပ်အင်အား (၂၁၀၀၀)ရှိနေပြီး ဗြိတိသျှဗိုလ်ချုပ် ကွန်းဝေါလစ်တွင် စစ်သည်အင်အား (၇၀၀၀)ခန့်သာ ရှိသည်။


ကွန်ဝေါလစ်၏တပ်မတော်မှာ ဖာရေအတွက်အရ အင်အား

မမျှသည့်အပြင် အဖက်ဖက်မှ ဝိုင်းဝန်းပိတ်ဆို့ခံနေရသည်။ ဗြိတိသျှတပ်များ ချောင်ပိတ်ထောင်ချောက်မိခဲ့လေပြီ။

စစ်ပွဲကားစတင်ဖြစ်ပွားခဲ့သည်။ အောက်တိုဘာလ (၁၇)ရက်တွင် တရစပ်ထိုးနှက်တိုက်ခိုက်မှု ရှစ်ရက်မြောက်နေ့၌ ဗိုလ်ချုပ်ကြီးကွန်ဝေါလစ်လက်နက်ချခဲ့သည်။ နှစ်ရက်အကြာတွင် ဂျော့ဝါရှင်တန်သည် သူ့အချစ်တော်မြင်းကြီး နယ်လ်ဆန်၏ ကျောကုန်းပေါ် ထိုင်လျက် စစ်ရှုံးဗြိတိသျှစစ်သားများ ယော့တောင်းမှ ထွက်ခွာသွားနေပုံကို စောင့်ကြည့်ခဲ့သည်။

THE BATTLE OF YORKTOWN 1781



ထိုအောင်မြင်မှုသည် စစ်ပွဲ၏ အဆုံးသတ်ဖြစ်သည်ကို ဝါရှင်တန်က ထိုအချိန်က မသိခဲ့ချေ။ သို့သော် စစ်ပွဲက ပြီးဆုံးခဲ့သည်။ အမေရိကန်များ လွတ်လပ်ရေးရခဲ့ကြပေပြီ။

ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စုတို့ ပြင်သစ်နိုင်ငံ ပါရီမြို့တွင် သဘောတူစာချုပ်တစ်ရပ် လက်မှတ်ရေးထိုးနိုင်ရန် နှစ်နှစ်ကြာခဲ့သည်။




သဘောတူစာချုပ်ချုပ်ဆိုကြောင်း သတင်းကြားပြီးပြီးချင်း ဂျော့ဝါရှင်တန်သည် သူ့တပ်မတော်ကို မခွဲခွာမီ နှုတ်ဆက်စကားပြောကြားခဲ့သည်။ ပထမ သူသည် သာမန်စစ်သည်များကို နှုတ်ဆက်ခဲ့သည်။ သူတို့ကို ဝါရှင်တန်က 'မျိုးချစ်ညီအစ်ကိုများအဖွဲ့'ဟု ခေါ်ခဲ့သည်။ နောက်တစ်လအကြာတွင် ဝါရှင်တန်သည် သူ့အရာရှိများကို နယူးယောက်စီးတီးရှိ ဖရော့စန်စ်တာဗန် (Fraunces Tavern) ဆိုင်တွင် တွေ့ဆုံခဲ့သည်။ (ဗင်းဆိုင်သည် ထိုနေရာ၌ပင် ရှိနေသေး

သည်။) ဝါရှင်တန်သည် မျက်ရည်များပင် မဆည်နိုင်အောင် ဖြစ်ခဲ့ရသည်။ ဤနေရာတွင်ရှိနေကြသည့် လူများသည် နှစ်ရှည်စစ်ပွဲတစ်လျှောက် သူနှင့်အတူ လက်တွဲခဲ့ကြသူများဖြစ်ကြသည်။ အရာရှိတစ်ဦးချင်း သူ့ရှေ့ရပ်ကာ လက်ဆွဲနှုတ်ဆက်ပြီး ပါးပြင်ကို နမ်းကြသည်။

ကျော်ဝါရှင်တန်သည် စစ်တပ်မှ နှုတ်ထွက်ခဲ့သည်။ (၁၇၈၃) ခုနှစ်၊ ခရစ်စမတ်အကြိုညတွင် သူသည် အိမ်သို့ပြန်ရောက်လာသည်။ သူ့ကို ကြိုဆိုရန် မာသာက မောင့်ဗားနွန်အိမ်မှာ စောင့်နေသည်။ လယ်ယာအလုပ်ကို ပြန်လုပ်ရန်နှင့် ကျန်သည့်သူ့ဘဝအချိန်များကို တကျိုးနီးယား၌ပင် အခြေချနေထိုင်ရန် စီစဉ်ခဲ့သည်။ သူသည် အသက် (၅၁)နှစ်ရှိခဲ့ပြီဖြစ်၍ အနားယူရန်အချိန်ရောက်ပေပြီ။



## ပါရီစာချုပ်




(၁၇၈၁)ခုနှစ်၊ အောက်တိုဘာလတွင် စစ်ပွဲပြီးဆုံးသွားသည်။ ပါရီစာချုပ်ကို (၁၇၈၃)ခုနှစ်၊ စက်တင်ဘာလအထိ မချုပ်ဆိုရသေးပေ။ ဤစာချုပ်က အမေရိကန်ပြည်ထောင်စုသည် သီးခြားလွတ်လပ်သော နိုင်ငံတစ်ခုဖြစ်ကြောင်း အသိအမှတ်ပြုသည့်စာချုပ် ဖြစ်သည်။ နိုင်ငံသစ်၏ နယ်နိမိတ်များသည် The Great Lakes နှင့် Maine မှ ဖလော်ရီဒါသို့လည်းကောင်း။ အတ္တလန်တစ်ကမ်းခြေဒေသမှ မစ္စစပီမြစ် (Mississippi) အထိလည်းကောင်း သတ်မှတ်ခဲ့သည်။

ထိုအချိန်က ထင်ပေါ်ကျော်ကြားသည့် ပန်းချီဆရာ ဘင်ဂျမင်ဝက်စ် (Benjamin West) ဆိုသူကို စာချုပ်လက်မှတ်ရေးထိုးကြသည့် ဗြိတိသျှနှင့်အမေရိကန်တို့၏ အဖွဲ့လိုက်ရုပ်ပုံများကို ရေးဆွဲပေးရန် စီစဉ်ခဲ့သည်။ သို့သော်လည်း ထိုပန်းချီကားမှာ မည်သည့် အခါကမျှ မပြီးဆုံးခဲ့ချေ။ ဘင်ဂျမင်ဖရန်ကလင် (Benjamin Franklin) နှင့် ဂျွန်အာဒမ် (John Adams) အပါအဝင် အမေရိကန်များက မစ္စတာဝက်စ်ပန်းချီရေးဆွဲရန် နေရာယူခဲ့ကြသော်လည်း ဗြိတိသျှတို့ကမူ ဤပန်းချီထဲတွင် ပါဝင်ရန် ငြင်းပယ်ခဲ့ကြသည်။



## အခန်း--(၉)

## အသစ်စက်စက်ပေါ်ပေါက်လာသော နိုင်ငံတစ်နိုင်ငံ




ဂျော့ဝါရှင်တန်သည် သူချစ်သော ဗာဂျီးနီးယားတွင် ပြန်လည်နေထိုင်လျက်ရှိသည်။ စစ်ပွဲတစ်လျှောက်လုံး နာမည်ရခဲ့သလိုပင် ဝါရှင်တန်သည် ထင်ပေါ် အကျော်ကြားဆုံးလူတစ်ယောက်ဖြစ်နေခဲ့ပင်။ မောင့်ဗာနွန်သို့ ဧည့်သည်များကလည်း အမြဲတမ်းအဆက်မပြတ်လာနေကြသည်။ လူတိုင်းလိုလိုက သူ့အား ဂုဏ်သရေရှိလူကြီးလူကောင်းတစ်ယောက်အနေနှင့် ဂါရဝပြုခေါ်ခဲ့ကြသည်။

ဘယ်အရာက ဝါရှင်တန်ကို အနားယူနေရာမှ ဆွဲထုတ်ခဲ့သနည်း။




နိုင်ငံသည်လည်း စမ်းတဝါးဝါး ယက်ကန်ယက်ကန်ဖြစ်နေသည့်အချိန်၊ အစိုးရသည်လည်း အားပျော့သောအစိုးရဖြစ်နေသည်။ အစိုးရ၌ အခွန်အကောက်များ ကောက်ခံရန် သို့မဟုတ် ကုန်သွယ်မှုကို ချုပ်ကိုင်ရန်နှင့် နိုင်ငံနယ်နိမိတ်များကို သတ်မှတ်ရေးတို့တွင် ဩဇာအာဏာမရှိချေ။

ဤကိစ္စသည် သူ့အတွက် အေ၊ ဘီ၊ စီလို ရှင်းနေကြောင်း နိုင်ငံသစ်တစ်ခုသည် ပို၍ခိုင်မာစွမ်းအားကြီးသော အစိုးရတစ်ရပ်လိုအပ်ကြောင်း သူက ပြောခဲ့သည်။ ဖီလာဒဲလ်ဖီးယားမြို့၌ (၁၇၈၇) ခုနှစ်တွင် ကျင်းပပြုလုပ်သော ညီလာခံတစ်ရပ်၌ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတစ်ရပ်ကို ရေးဆွဲခဲ့သည်။ ထိုဖွဲ့စည်းပုံ၌ ဝါရှင်တန်မျှော်မှန်းခဲ့သော အစိုးရအမျိုးအစားကို အသေးစိတ်အစီအစဉ်များရေးဆွဲခဲ့သည်။ အာဏာသုံးရပ်ရှိရပေမည်။ ထက်မြက်သော သမ္မတ

တစ်ဦး၊ ဥပဒေပြဋ္ဌာန်းသည့် ကွန်ဂရက်လွှတ်တော်၊ ဥပဒေများသည် တရားမျှတမှု ရှိ မရှိကို စီရင်ရန် တရားရုံးချုပ်တစ်ခုတို့ ရှိရမည်။ မည်သည့်အာဏာပိုင်အဖွဲ့အစည်းပိုင်းကမျှ အာဏာကို တရားလွှတ် ရယူကျင့်သုံးမှုမရှိစေရပေ။


သမ္မတရာထူးအတွက် ပထမဦးဆုံးအကြိမ် ရွေးကောက်ပွဲ မစတင်မီကပင်လျှင် ဂျော့ဝါရှင်တန်အနိုင်ရလိမ့်မည်ကို လူတိုင်းက သိထားနှင့်ကြသည်။ ထိုအချိန်က ရွေးကောက်ပွဲစနစ်သည် ယနေ့ ခေတ် ရွေးကောက်ပွဲစနစ်နှင့် မတူချေ။ ပြည်နယ်အသီးသီးမှ မဲဆန္ဒ ပေးမည့်သူများကို ရွေးချယ်ရသည်။ တစ်ဦးလျှင် မဲဆန္ဒနှစ်ခုပေးရ သည်။ လူတိုင်းက ဂျော့ဝါရှင်တန်ကို မဲပေးခဲ့ကြသည်။ ထို့ကြောင့် သူသည် သမ္မတဖြစ်လာခဲ့သည်။ ဂျွန်အဒမ်က (၃၄)မဲဖြင့် ဒုတိယ သမ္မတ ဖြစ်ခဲ့သည်။






သမ္မတအရွေးခံရသည့် သတင်းကို ဂျော့ဝါရှင်က (၁၇၈၉) ခုနှစ်၊ ဧပြီလ (၁၄)ရက်နေ့တွင် ကြားသိခဲ့ရသည်။ နောက်နှစ်ရက်အကြာတွင် ယာယီမြို့တော်ဖြစ်သည့် နယူးယောက်စီးတီးသို့ ထွက်ခွာလာခဲ့သည်။ ထိုနေရာတွင် သူသည် သမ္မတရာထူး လက်ခံရယူရပေမည်။ စိုးရိမ်မှုကြောင့် သူ့တွင် စကားပင်ထုတ်ဖော်ပြောကြားရန် မရှိကြောင်း ဝါရှင်တန်က ပြောခဲ့သည်။ သူသည် ခြေရာလိုက်နင်းရန် မရှိသောမြေပေါ်တွင် လမ်းလျှောက်နေရသည်။ သူဆိုလိုသည့်သဘောမှာ သူ့တွင် ခြေရာလိုက်နင်းရမည့်လမ်းကြောင်းမရှိကြောင်းကို ဆိုလိုသည်။ အဘယ့်ကြောင့်ဆိုသော် ယခင်က သမ္မတဟူ၍ မရှိခဲ့သောကြောင့် ဖြစ်သည်။


Federal Hall in New York City


GW
front
back
Buttons commemorating George Washington's presidency



ဂျော့ဝါရှင်တန်သည် ဖက်ဒရယ်ခန်းမရှိ လသာဆောင်၌ သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ 'ကျွန်ုပ်သည် အမေရိကန် ပြည်ထောင်စု၏ သမ္မတရာထူးတာဝန်ကို သစ္စာရှိစွာဖြင့် ထမ်းဆောင် သွားပါမည်။ ကျွန်ုပ်သည် အမေရိကန်ပြည်ထောင်စု၏ ဖွဲ့စည်းအုပ် ချုပ်ပုံ အခြေခံဥပဒေကို ကျွန်ုပ်၏စွမ်းဆောင်ရည်အကောင်းဆုံးဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားပါမည်ဟု ကျွန်ုပ်လေးနက် တည်ကြည်စွာဖြင့် ကျမ်းသစ္စာကျိန်ဆိုပါသည်' ဟု ဂျော့ဝါရှင်တန်က ပြောခဲ့သည်။ နောင်တွင် အမေရိကန်ပြည်ထောင်စု သမ္မတတိုင်း သည် အလားတူကျမ်းသစ္စာကိုပင် ရွတ်ဆိုကြသည်။

အစပိုင်းတွင် သမ္မတကြီးကို မည်ကဲ့သို့ ခေါ်ဆိုရမည်ဆို သည်ကိုပင် မည်သူမှ မသိခဲ့ကြချေ။ ဂျွန်အဒမ်က (His Elective Highness) ဟုခေါ်ရန် အကြံပြုသည်။ အခြားသူများကလည်း (His Mightiness) သို့မဟုတ် (Majesty) ဟုခေါ်ရန် အကြံပြုကြသည်။ ဝါရှင်တန်ကမူ သူ့ကို ဘုရင်တစ်ပါးကဲ့သို့ သဘောရသည့်အခေါ် အဝေါ်များကို မကြိုက်ချေ။ နောက်ဆုံးတွင် သူက (Mr. President) ဟူ၍သာခေါ်ရန် ဆုံးဖြတ်ခဲ့သည်။

သမ္မတ၏ အလုပ်တာဝန်မှာ ဂျော့ဝါရှင်တန်သဘောပေါက် နားလည်ထားသည့်အတိုင်း များပြောင်လှသည်။ သမ္မတသည် နိုင်ငံ ခြားရေးပေါ်လစီကို တာဝန်ခံရသည့်အဓိပ္ပါယ်မှာ အမေရိကန်ပြည် ထောင်စုက အခြားနိုင်ငံများနှင့် မည်ကဲ့သို့ဆက်ဆံမည်ဆိုသည့်

သဘောဖြစ်သည်။ သမ္မတသည် ကွန်ဂရက်လွှတ်တော်သို့ အတ်ရှတ် တစ်ခုကို တင်ပြရသည်။ အစိုးရအဖွဲ့အစည်းလုပ်ငန်းဆောင်တာ လုပ်ကိုင်ရန် ငွေကြေးတောင်းခံရခြင်း ဖြစ်သည်။ သမ္မတသည် အရေးကြီးသောပြဿနာများနှင့် ပတ်သက်၍ သူ့ကို အကြံပေးရမည့် သူများဖြင့် ဝန်ကြီးအဖွဲ့ကို ရွေးချယ်ခန့်ထားရသည်။

ရာသက်ပန်တာဝန်ထမ်းဆောင်ရသည့် တရားရုံးချုပ်တရားသူကြီးများ အပါအဝင် တရားသူကြီးများကို သမ္မတက ခန့်အပ်တာဝန် ပေးနိုင်သည်။ (တရားရုံးချုပ် တရားသူကြီးတစ်ဦးကွယ်လွန်လျှင်၊ နုတ်ထွက်ခဲ့လျှင် သို့မဟုတ် အငြိမ်းစားယူလျှင် တရားသူကြီးတစ်ဦးကို အသစ်ခန့်အပ်ရသည်)

WASHINGTON'S
CABINET





George, Age 64

(၁၇၉၇)ခုနှစ်တွင် သူ၏ပထမလေးနှစ် သမ္မတသက်တမ်း ပြီးဆုံးသွားသောအခါ၌ ဝါရှင်တန်သည် အနားယူရန် အသင့်ဖြစ်နေပေပြီ။ သူသည် အသက် (၆၀)ဝန်းကျင်ရှိနေပြီ။ သူ့ဆံပင်များကလည်း ဖြူလာပြီး သွားများကလည်း အရင်ကထက်ပို၍ ဆိုးဆိုးဝါးဝါး နာလာသည်။ မကြာသေးမီက သူသည် နမိုးနီးယားဝေဒနာခံစားခဲ့ရသည်။

သို့သော်လည်း နိုင်ငံမှာ နုနယ်၍ အသစ်ဖြစ်နေသေးသည်။ သောမတ်စ်ဂျက်ဖာဆန်နှင့် အခြားသူများကမူ ဝါရှင်တန်ကို နောက်ထပ်လေးနှစ်သက်တမ်း ဆက်လက်တာဝန်ယူစေချင်ကြသည်။ အမေရိကန်ပြည်ထောင်စုသည် သက်တမ်းနည်းနည်းရင့်လာပြီး ပို၍ အင်အားကောင်းလာသည်။

မဲဆန္ဒရှင်များက မဲပေးရွေးချယ်ကြရာတွင် ဝါရှင်တန်အနိုင်ရလာခဲ့သည်။ တစ်ဖန် ဂျွန်အဒမ်ကလည်း ဒုတိယနေရာမှနေ၍ အရွေးခံရပြန်သည်။



Angry farmers attack a tax collector.

ဝါရှင်တန်၏ သမ္မတအဖြစ် ဒုတိယသက်တမ်းတွင် အစကတည်းကပင် ကျေနပ်အားရစရာမရှိခဲ့ချေ။ လယ်သမားများ၏ ခဏတာပုန်ကန်ထကြွမှု ဖြစ်ခဲ့သည်။ ပြောင်းဆန်များအပေါ် အခွန်စည်းကြပ်မှုကို မပေးလို၍ ဆူပူအုံကြွခဲ့ကြခြင်း ဖြစ်သည်။ ဝါရှင်တန်သည် ဗြိတိသျှတို့နှင့် သဘောတူစာချုပ်သစ်တစ်ခုကိုလည်း သဘောတူခဲ့သည်။ ထိုအချက်ကြောင့် လူများမနှစ်သက်ခဲ့ကြချေ။ တိုင်းပြည်အနေနှင့် အခက်အခဲများဖြတ်ကျော်နေရဆဲကာလတွင် ဝါရှင်တန်က ဗြိတိသျှတို့နှင့် နောက်ထပ်စစ်ပွဲတစ်ခု မဖြစ်လိုပေ။ သတင်းစာတစ်စောင်ကမူ ဝါရှင်တန်ကို မှိုချစ်အတုအယောင်၊ သူတော်ကြောင်ဟုပင် ခေါ် ဆိုခဲ့သည်။ ပုဂ္ဂိုလ်ရေးအရ စော်ကားမှုသည် သူ့အတွက် ကြီးမားစွာ ထိခိုက်စေခဲ့သည်။

ဝါရှင်တန်သည် သူ့အတွက် ပျော်ရွှင်ကြည်နူးမှုအရဆုံးသော အလုပ်တစ်ခုမှာ မြို့တော်သစ်အတွက် စီမံချက်ပြုလုပ်နေရခြင်းပင် ဖြစ်သည်။ ပထမ နယူးယောက်တွင် မြို့တော်တည်ဆောက်ခဲ့ပြီး နောက်တွင် ဖီလာဒဲလ်ဖီးယား၌ တည်ဆောက်ရန် ဖြစ်သည်။ ယင်း မြို့တော်သစ်ကို အမြဲတမ်းမြို့တော်အဖြစ် သတ်မှတ်ရမည် ဖြစ်သည်။ ၎င်းမြို့တော်သည် မောင့်ဗာနွန်နှင့် များစွာမဝေးကွာဘဲ ဝါရှင်တန် စီးတီးဟု ခေါ်တွင်ခဲ့သည်။ သူသည် သမ္မတအိမ်တော်သစ်တည် ဆောက်မှုကိုလည်း ကြည့်ရှုစစ်ဆေးပေးခဲ့သည်။ သို့သော်လည်း ဝမ်းနည်းစရာကောင်းသည့်အချက်မှာ အိမ်ဖြူတော်ဟုခေါ်သော သမ္မတစံအိမ်တော်တွင် မနေခဲ့ရသည့်တစ်ဦးတည်းသော အမေရိကန် သမ္မတမှာ ဝါရှင်တန်ကိုယ်တိုင်ပင် ဖြစ်သည်။

PLANS FOR THE NEW CAPITAL,
WASHINGTON, D.C.





James Hoban, an Irishman living in Charleston, South Carolina, won the White House design contest judged by George Washington.

သူ၏သမ္မတအဖြစ် ဒုတိယသက်တမ်းပြီးဆုံးကာနီးအချိန်တွင် ဂျော့ဝါရှင်တန်သည် အစိုးရအဖွဲ့မှ ထွက်ခွာရန် စိတ်ပိုင်းဖြတ်ခဲ့သည်။ သူ၏ နှုတ်ခွန်းဆက်ခွဲခွာသည့် မိန့်ခွန်းကို နိုင်ငံတွင်းရှိ သတင်းစာများတွင် ပုံနှိပ်ဖော်ပြခဲ့သည်။ သမ္မတသက်တမ်းနှစ်ခုကို တာဝန်ထမ်းဆောင်ရခြင်းသည် လုံလောက်ပြီဟု သူယူဆခဲ့သည်။ သမ္မတသစ်ကို အာဏာလွှဲပြောင်းပေးရန် အရေးကြီးသည်။ ဤကား သမ္မတနိုင်ငံတစ်ခု၌ ဖြစ်ပျက်ခဲ့ပုံပင် ဖြစ်သည်။



'အကယ်၍ ဝါရှင်တန်သည် သူ့အာဏာကို စွန့်လွှတ်ရန် ရွေးချယ်ခဲ့ပါက သူသည် ကမ္ဘာပေါ်တွင် အကြီးကျယ်ဆုံးလူတစ်ယောက် ဖြစ်လိမ့်မည်'ဟု တစ်ခါက တတိယမြောက်ဂျော့ဘုရင် ပြောခဲ့ဖူးသည်။ ဤအတိုင်းပင် ဝါရှင်တန်က ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

George on his deathbed



The Washington Family Tomb



တတိယမြောက်နှင့် နောက်ဆုံးအကြိမ်အဖြစ် ဂျော့ဝါရှင်တန် အနားယူခဲ့သည်။ သို့ရာတွင် မောင့်ဗားနွန်၏ ငြိမ်းအေးချမ်းသာမှုကိုမူ ဂျော့ဝါရှင်တန် ရေရှည်မခံစားနိုင်ခဲ့ရမှုမှာ ဝမ်းနည်းဖွယ်ရာပင်။ (၁၇၉၉)ခုနှစ်၊ ဒီဇင်ဘာလ (၁၂)ရက်နေ့သည် ရာသီဥတုအေးမြပြီး မိုးများရွာသွန်းလျက်ရှိသောနေ့ ဖြစ်သည်။ လယ်တောတွင် ထုံးစံအတိုင်း နာရီအတော်ကြာအောင် အလုပ်လုပ်ခဲ့ပြီးနောက် ဝါရှင်တန်သည် အိမ်သို့ပြန်လာခဲ့သည်။ ညနေစာမစားမီတွင် သူ၏စိုရွှဲနေသောအဝတ်အစားများကိုပင် ဝါရှင်တန်က မလဲအားခဲ့ချေ။ နှစ်ရက်အကြာတွင် သူသည် လည်ချောင်းရောဂါစွဲကပ်လာခဲ့သည်။ 'ငါတော့ သွားရတော့မယ်ထင်တယ်'ဟု သူက မာသာကို တိုးတိုးလေးပြောခဲ့သည်။ ထို့နောက် သူ့အသက်ကို ရှူသွင်းလိုက်ပြီးနောက် ဂျော့ဝါရှင်တန်သည် ကွယ်လွန်သွားခဲ့သည်။ ကွယ်လွန်ချိန်တွင် ဂျော့ဝါရှင်တန်၏ အသက်မှာ (၆၇)နှစ် ရှိပြီဖြစ်သည်။


ဇနီးဖြစ်သူ မာသာကမူ ဂျော့ဝါရှင်တန်၏ ရုပ်ကလပ်ကို မောင့်ဗားနွန်တွင် ရိုးရှင်းစွာအသုဘချ၍ မြှုပ်နှံရန် တောင်းဆိုခဲ့သည်။ သို့ရာတွင် နိုင်ငံတစ်ဝှမ်းလုံးတွင်မူ ကွယ်လွန်သူ ဂျော့ဝါရှင်တန်အတွက် ချီးကျူးဂုဏ်ပြုဆုတောင်းပွဲများ ပြုလုပ်ခဲ့ကြသည်။ အကြီးအကျယ်ဆုံးရှုံးမှုတစ်ရပ်အဖြစ် လူများခံစားခဲ့ကြသည်။ ဂျော့ဝါရှင်တန်မရှိတော့သည့် နုပျိုသော နိုင်ငံတစ်နိုင်ငံကို စဉ်းစားကြည့်ရန်ပင် မဖြစ်နိုင်လောက်ဟု ထင်ခဲ့ရသည်။

ထိုအချိန်တွင် ဂျော့ဝါရှင်တန်အတွက် အထိမ်းအမှတ် ကျောက်တိုင်စိုက်ထူရန် ကွန်ဂရက်က ဆွေးနွေးခဲ့ကြသည်။ ဝါရှင်တန် ဒီစီတွင် (၁၈၈၀)ခုနှစ်၌ အပြီးသတ်ခဲ့သော ဝါရှင်တန်အထိမ်းအမှတ် ကျောက်တိုင်ထက်မြင့်သော အဆောက်အဦမရှိခဲ့ချေ။ ဖေဖော်ဝါရီလတွင် အမျိုးသားအားလပ်ရက်အဖြစ် ဝါရှင်တန်၏ မွေးနေ့ကို ကျင်းပဂုဏ်ပြုခဲ့သည်။



When it was built, this was the tallest man-made structure in the world.

တောင်ဒါကိုတာပြည်နယ် (South Dakota) မောင့်ရပ်ရှ်မိုး ကျောက်တောင် (Mount Rushmore) ပေါ်တွင် ဂျော့ဝါရှင်တန်၊ သောမတ်စ်ဂျက်ဖာဆန်၊ သီရိုဒိုရူစဗဲ့နှင့် အေဗရာဟမ်လင်ကွန်း စသော အမေရိကန်သမ္မတကြီးများ၏ မျက်နှာပုံကို ထွင်းထုထားခဲ့သည်။ ပန်းပုဆရာ ဂုဇ်ဇွန်ဘော့ဂ်လမ် (Gutzon Borglum) ၏ လက်ရာဖြစ်ပြီး (၁၄)နှစ်ကြာ ထွင်းထုခဲ့ရသည်။


MOUNT
RUSHMORE
George
Washington
Thomas
Jefferson
Theodore
Roosevelt
Abraham
Lincoln


THE UNITED STATES OF AMERICA

တစ်ခါတစ်ရံတွင် ဂျော့ဝါရှင်တန်သည် သွေးနှင့်ကိုယ်သားနှင့်ကိုယ် ရုပ်ပုံထက် အထိမ်းအမှတ်ရုပ်တုတစ်ခုလို ပို၍တူနေပုံရပြီး ထင်ရှားကျော်ကြားခဲ့သည်။ ဒေါ်လာငွေစက္ကူများနှင့် အကြွေစေ့များတွင်လည်း ဂျော့ဝါရှင်တန်၏ မျက်နှာပုံကို တွေ့မြင်ရသည်။

သို့တစေ သူသည် အခြားသူများကဲ့သို့ပင် လူသားတစ်ဦးဖြစ်သည်။ သူသည် အံ့ဩဖွယ်ရာကောင်းလောက်သော ခေတ်ကာလများတစ်လျှောက် ရှင်သန်နေထိုင်ခဲ့ပြီး အခြားသူများတွင်မရှိသော အရည်အချင်း လက္ခဏာအမှတ်အသားများ အမေရိကန်တွင် ချန်ထားနိုင်ခဲ့သည်။ အကောင်းဆုံးသာဓကပြု ချီးကျူးပြောဆိုခဲ့သူမှာ လွတ်လပ်ရေးကြေညာစာတမ်းတွင် လက်မှတ်ရေးထိုးခဲ့သူ ဟယ်ရီလီ (Harry Lee) ဖြစ်သည်။ ဂျော့ဝါရှင်တန်သည် 'ပထမဦးဆုံးစစ်ပွဲမှ ပထမဦးဆုံးငြိမ်းချမ်းရေးတွင် ပထမဦးဆုံးနှင့် သူ့နိုင်ငံသားများ၏အသည်းနှလုံးထဲတွင် ပထမဦးဆုံး အမှတ်ရစရာလူသား' ဟူ၍ ဟယ်ရီလီက ချီးကျူးပြောဆိုခဲ့သည်။

◆ ◆ ◆

## ရှော့ဝါရှင်တန်၏ ဘဝမှတ်တိုင်နေ့စွဲများ

(၁၇၃၂)ခုနှစ် - ရှော့ကို ဖေဖော်ဝါရီလ (၂၂)ရက်နေ့တွင် မွေးဖွား ခဲ့သည်။

(၁၇၄၆)ခုနှစ် - ရှော့သည် မောင့်ဗားနွန်သို့ ပြောင်းရွှေ့ခဲ့သည်။

(၁၇၅၂)ခုနှစ် - ရှော့၏အစ်ကို လောရင့်စ်ကွယ်လွန်သည်။

(၁၇၅၄)ခုနှစ် - ပြင်သစ်၊ အင်ဒီယန်းတို့နှင့် စစ်ပွဲတွင် ရှော့သည် ဒုတိယဗိုလ်မှူးကြီးတစ်ဦး ဖြစ်သည်။

(၁၇၅၉)ခုနှစ် - ဇန်နဝါရီလ (၆)ရက်နေ့တွင် မာသာဒန်ဒရစ်ချ် ကပ်စ်တစ်နှင့် လက်ထပ်ခဲ့သည်။

(၁၇၇၃)ခုနှစ် - မာသာ၏သမီး ပက်စီသည် အသက် (၁၇)နှစ် အရွယ်တွင် သေဆုံးသည်။

(၁၇၇၅)ခုနှစ် - အမေရိကန်တော်လှန်ရေး စတင်သည်။ ကွန်တီနင်တယ်တပ်မတော်ကို ဂျော့ကဦးစီးသည်။ ဒုတိယကွန်တီနင်တယ် ကွန်ဂရက် အစည်းအဝေးစတင်ကျင်းပသည်။

(၁၇၇၆)ခုနှစ် - ဂျော့က လွတ်လပ်ရေးကြေညာစာတမ်းလက်မှတ်ရေးထိုးသည်။

(၁၇၇၇)ခုနှစ် - ပင်ဆီဗေးနီးယားပြည်နယ်၊ ဗယ်လေးဖော့ချ်ဆောင်းရာသီ။

(၁၇၈၁)ခုနှစ် - မာသာ၏သား ဂျက်ကီ (၂၆)နှစ်အရွယ်တွင်သေဆုံးသည်။

(၁၇၈၃)ခုနှစ် - အမေရိကန်တော်လှန်ရေး ပြီးဆုံးသည်။

(၁၇၈၇)ခုနှစ် - အမေရိကန်ပြည်ထောင်စု ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရန် ဖီလာဒဲလ်ဖီးယား ကွန်ဗင်းရှင်း တက်ရောက်ခဲ့သည်။

(၁၇၈၉)ခုနှစ် - ဂျော့သည် အမေရိကန်၏ ပထမဦးဆုံးသမ္မတ ဖြစ်လာသည်။

(၁၇၉၂)ခုနှစ် - ဂျော့သည် သမ္မတအဖြစ် ပြန်လည်အရွေးခံရသည်။

(၁၇၉၇)ခုနှစ် - ဂျော့သည် မောင့်ဗာနွန်တွင် အနားယူခဲ့သည်။

(၁၇၉၉)ခုနှစ် - ဒီဇင်ဘာလ (၁၄)ရက်၊ အသက် (၆၇)နှစ်အရွယ်တွင် မောင့်ဗာနွန်၌ ဂျော့ဝါရှင်တန် ကွယ်လွန်ခဲ့သည်။

(၁၈၀၂)ခုနှစ် - မေလ(၂၂)ရက်နေ့တွင် မာသာဝါရှင်တန်သည် အသက် (၇၁)နှစ်အရွယ်၌ မောင့်ဗာနွန်တွင် ကွယ်လွန်ခဲ့သည်။

## ကမ္ဘာ့ဖြစ်ရပ်နေ့စွဲများ

(၁၇၅၂)ခုနှစ် - ဘင်ဂျမင်ဖရန်ကလင်သည် လျှပ်စီးလက်ခြင်း၏ လျှပ်စစ်သဘာဝကို ရှာဖွေတွေ့ရှိခဲ့ပြီး မိုးကြိုးလွှဲကို တီထွင်ခဲ့သည်။

(၁၇၅၄)ခုနှစ် - ပြင်သစ်နှင့် အင်ဒီယန်းစစ်ပွဲ အမေရိက၌ စတင်ဖြစ်ပွားခဲ့သည်။

(၁၇၆၀)ခုနှစ် - တတိယမြောက် ဂျော့ဘုရင် အင်္ဂလန်ထီးနန်းကို ဆက်ခံခဲ့သည်။

(၁၇၆၅)ခုနှစ် - အင်္ဂလိပ်ပါလီမန်က တံဆိပ်ခေါင်းခွန်ဥပဒေ ပြဋ္ဌာန်းသည်။

(၁၇၆၆)ခုနှစ် - အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့တွင် ပထမဦးဆုံးလမ်းဘေးလူသွားလမ်း စတင်ခဲ့သည်။

(၁၇၇၃)ခုနှစ် - ဘော့စတွန်တီးပါတီ။

(၁၇၇၄)ခုနှစ် - ပြင်သစ်တွင် လူဝီ-၁၄ဘုရင် ဖြစ်လာသည်။

(၁၇၇၅)ခုနှစ် - အမေရိကန်တော်လှန်ရေး စတင်ဖြစ်ပွားသည်။

(၁၇၇၆)ခုနှစ် - ဆန်ဖရန်စစ္စကိုမြို့ စတင်တည်ဆောက်သည်။

(၁၇၇၈)ခုနှစ် - ဗြိတိသျှတို့ကို နှိမ်နင်းရာတွင် အမေရိကန်ကို ပြင်သစ်တို့ကူညီရန် ဆုံးဖြတ်ခဲ့သည်။

(၁၇၈၁)ခုနှစ် - ယော့တောင်းတွင် ဝါရှင်တန်၏အောင်ပွဲကြောင့် အမေရိကန်တော်လှန်ရေးတိုက်ပွဲများ ပြီးဆုံးစေခဲ့သည်။

(၁၇၈၃)ခုနှစ် - ပထမဦးဆုံး လေထီးကို သရုပ်ပြခဲ့သည်။

(၁၇၈၉)ခုနှစ် - ပြင်သစ်တော်လှန်ရေး စတင်ခဲ့သည်။ မကြာမီ ပြင်သစ်မင်းဆွေမင်းမျိုးများ သုတ်သင်သတ်ဖြတ်ခံရသည်။

(၁၇၉၂)ခုနှစ် - သမ္မတအိမ်ဖြူတော်တည်ဆောက်ရေး စတင်ခဲ့သည်။

(၁၇၉၃)ခုနှစ် - ပြင်သစ်ဘုရင် လူဝီ-၁၄နှင့် မိဖုရားမာရီအင်တွိုင်းနက် (Marie Antoinette) တို့ ခေါင်းဖြတ်အသတ်ခံရသည်။

(၁၇၉၇)ခုနှစ် - ဂျွန်အဒမ်သည် အမေရိကန်ပြည်ထောင်စု သမ္မတဖြစ်လာခဲ့ပြီး ဒုတိယသမ္မတမှာ သောမတ်စ်ဂျက်ဖာဆန် (Thomas Jefferson) ဖြစ်သည်။